# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၄၉)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၆-၅-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒ အမှာစကားပြောကြား

## လူငယ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်



နေပြည်တော် မေ ၅

၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် ဩဝါဒအမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စာမျက်နှာ ၃ သို့ ☆

> လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏ အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်ဝရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံကို ကောဒသမတန်း လူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


(၁၆၇)နှစ်ပြည့်မည့် မန္တလေးမြို့တည် နှစ်၊ လ၊ ရက်တို့ကို မှတ်မိစေချင်(ဆောင်းပါး)

စာမျက်နှာ ၆

အမျိုးသမီးချန်ပီယံလိဂ် ဗိုလ်လုပွဲအဆင့်တွင် ဘာစီလိုနာအသင်းနှင့် လိုင်ယွန်အသင်းတို့ တွေ့ဆုံ

စာမျက်နှာ ၁၁

လူငယ်များနှင့် ဂိမ်းကစားခြင်း (ဆောင်းပါး)

စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ မေ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ ။

# ကျွမ်းကျင်လုပ်သားများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုလိုအပ်ချက်များ ဆောင်ရွက်

နိုင်ငံတော်သမ္မတက မိမိတို့ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ကြောင်းကို လမ်းညွှန်မှုပြထားသဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကာလတိုနှင့် လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ သွားရောက်လေ့ကျင့်သင်ကြားနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊

သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်ကြားပေးလိုက်သည့် စက်မှုပညာရပ်များကို လုပ်ငန်းခွင်ဝင်သည့်အချိန်တွင် စာတွေ့နှင့်လက်တွေ့ပေါင်းစပ်ပြီး စဉ်ဆက်မပြတ်သင်ယူလေ့လာကြရန်၊ ကျရာအခန်းကဏ္ဍမှ နိုင်ငံနှင့်လူမျိုးအတွက် စက်မှုနှင့်ပတ်သက်သည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ စက်မှုအခြေခံကောင်းများမှတစ်ဆင့် တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်မှု၊ စီးပွားရေး တွက်ခြေကိုက်မှုများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွားကြရန် လိုကြောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မေ ၄ ရက် နံနက်ပိုင်းတွင် အဆိုပါသင်တန်း ကျောင်းခန်းမ၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၌ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲ၌ ပြောကြားသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က သင်ကြားပေးမည့် စာတွေ့လက်တွေ့ ဘာသာရပ်များ အောင်မြင်အောင်ကြိုးစားသင်ယူသွားပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် လူငယ်များဖြစ်လာစေရန် ဆန္ဒပြုပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းကျောင်းခန်းမ၌ ဆရာ၊ ဆရာမများကို တွေ့ဆုံ၍ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ဘာသာရပ်များအလိုက် နိုင်ငံတကာစံနှုန်းများကို လေ့လာပြီး လက်တွေ့အသုံးချနိုင်မည့်အခြေအနေများကို ပြုစုဖော်ထုတ်သွားကြရန်လိုကြောင်း မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံးတွင် MSME အေဂျင်စီအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာ စက်မှုဇုန်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ MSME ကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ၊ ဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တာဝန်ယူပြီး ရက်(၁၀၀)အတွင်း ဆောင်ရွက်သွားမည့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းသည်။

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွက် ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုလိုအပ်ချက်များအတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

လေ့လာသင်ယူခဲ့ရသည့် အသိပညာ၊ အတတ်ပညာများကို စက်ရုံ၊ အလုပ်ရုံများတွင် ပြန်လည်အသုံးချပြီး နိုင်ငံ့အကျိုးကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များအား အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျထိန်းသိမ်းမွေးမြူပါ။
၂။ ပြင်ပမှလူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်းဝင်ရောက်မှုအား ကန့်သတ်ပြီး "တာဝန်ရှိသူမှအပ မဝင်ရ" တားမြစ်ဆိုင်းဘုတ်ထားရှိပါ။
၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့်ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။
၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ရေခွက်)များအား ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။
၅။ ခြံအတွင်း လုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။
၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြားအင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံအား ပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။
၇။ တိရစ္ဆာန်များအား အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။
၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။
၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၅

ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ် ၅၅ စက္ကန့်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်ဘက် မိုင် ၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ကာမိုင်းမြို့၏အနောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဒုတိယအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

မန္တလေး မေ ၅

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဒုတိယအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန (မနော်ရမ္မ)တွင် ပြုလုပ်ခဲ့သည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

ဒုတိယအကြိမ် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ဒန့်သလွန်သီးအစည်း ၉၀၊ ခရမ်းသီး ၄၃ ထုပ်၊ ကန်စွန်းရွက် ၅၁၅ စည်း၊ သရက်သီးစိမ်းအထုပ် ၂၀၀၊ ၄က်ပျောသီးအဖီး ၆၀၊ စိန်တလုံးသရက်သီးအလုံး ၄၄၀ တို့ကို သန့်ရှင်းရေးဌာန၊ ပြည်ကြီးတံခွန်မြို့နယ်ရုံးမှ ဝန်ထမ်း ၁၆၂ ဦး၊ အောင်မြေသာစံမြို့နယ်ရုံးတို့မှ ဝန်ထမ်း ၂၈၆ ဦးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်း ၄၅ ဦးတို့ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးရာ ဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

# တမ္ပဝတီရပ်ကွက်ရှိ နန်းအိမ်သူစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်း

မန္တလေး မေ ၅

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နန်းအိမ်သူ စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက တမ္ပဝတီရပ်ကွက်ရှိ နန်းအိမ်သူစာကြည့်တိုက်တွင် ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ကြည်ကြည်နွဲ့က ဒေသခံပြည်သူများနှင့် လူငယ်များ စာပေဖတ်ရှုသည့် အလေ့အထ ပိုမိုထွန်းကားလာစေရန်နှင့် အသိပညာ ဗဟုသုတ ကြွယ်ဝလာစေရန် ရည်ရွယ်၍ လှူဒါန်းရခြင်းဖြစ်ကြောင်းနှင့် စာအုပ်စာစောင်များ ထိန်းသိမ်းပုံ၊ စနစ်တကျ ငှားရမ်းမှုပုံစံများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်က နန်းအိမ်သူစာကြည့်တိုက်ရှိ တာဝန်ခံစာကြည့်တိုက်မှူးအား သုတ၊ ရသ စာအုပ်စာစောင်အုပ် ၃၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အလင်းသစ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “နိုင်ငံတော်သစ်၏ စွမ်းအားရှင်များ” အစီအစဉ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် မောင်မယ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

☆ ရှေ့ဖုံးမှ

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန် မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် Naypyitaw State Academy သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် လူရည်ချွန် မောင်မယ်များ၊ ရေကြောင်း လူငယ်နှင့် လေကြောင်းလူငယ် မောင်မယ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက “နိုင်ငံတော်သစ်၏ စွမ်းအားရှင်များ”အစီအစဉ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန် မောင်မယ်များဩဝါဒခံယူပွဲအခမ်းအနားတွင် ဝန်ကြီးဌာနများ အလိုက် ပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက “ထာဝရပညာ” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အခမ်းအနား တက်ရောက်လာကြသူများသည် “လူရည်ချွန် မောင်မယ်များမှသည် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ဆီသို့” Video Clip ကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဩဝါဒအမှာစကား ပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်လျှောက်လှမ်းသည့် အချိန်ကာလတွင် နိုင်ငံတော်က အားထားရသည့် လူရည်ချွန် မောင်မယ်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်သည့် အခါတွင် မောင်တို့ မယ်တို့ကဲ့သို့ လူတော် လူကောင်း၊ လူရည်ချွန် လူရည်မွန်များ၏ စွမ်းအားနှင့် ပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးသည့်အတွက် လိုအပ်သည်များ မှာကြားလိုကြောင်း။

**“လူရည်ချွန်”** ဆိုသည်မှာ ထူးချွန်ထက်မြက်သူ၊ အသိဉာဏ် ပညာပြည့်ဝသူ၊ အများထက်သာလွန်အောင် ကြိုးစားအားထုတ်နိုင်သူ၊ ပင်ကိုစွမ်းရည်မြင့်မားသူများ ဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် ထိုသို့အရည်အချင်းများနှင့် ပြည့်စုံကြသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် **“လူရည်ချွန်”** ဆိုသည့် ဂုဏ်ဒြပ်ကို ထိုက်ထိုက်တန်တန် အပ်နှင်းခြင်းခံရပြီး ယခုအချိန်တွင် ဂုဏ်သတင်းကောင်းနှင့် ကျော်စောသည့်သူများ ဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်ကြမည့် မျိုးဆက်သစ် လူငယ်များလည်း ဖြစ်ကြကြောင်း။

မောင်တို့ မယ်တို့သည် စာပေဘာသာရပ်များကိုသာ ကျွမ်းကျင်ပိုင်နိုင်ခြင်းမဟုတ်ဘဲ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ တစိုက်မတ်မတ် လေ့ကျင့်မှု စသည့်ကာယ၊ဉာဏစွမ်းအားများနှင့် စစ်ဆေး အကဲဖြတ်မှုအဆင့်ဆင့်ကို ယှဉ်ပြိုင်ကျော်ဖြတ်နိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် ရည်မှန်းချက် ပန်းတိုင်ကို အရောက် လှမ်းနိုင်ခဲ့သဖြင့် အောင်မြင်မှုများရရှိပြီး မိမိ မိသားစု၊ မိမိကျောင်း၊ မိမိဒေသအတွက် ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အများကစံပြုထိုက်သည့်မောင်တို့မယ်တို့ကို ယခုကဲ့သို့ အခမ်းအနားကျင်းပပြီး တွေ့ဆုံဂုဏ်ပြုရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ၏အင်အားဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ **လူငယ်တိုင်းသည် နိုင်ငံကို ဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်ကို အကောင်အထည် ဖော်ကြမည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များပင်** ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ဗလငါးတန်ပြည့်စုံသည့် ပညာတတ် လူရည်ချွန် လူရည်မွန်များ ပေါ်ထွက်လာအောင် လူငယ်ကဏ္ဍနှင့် ပညာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များသည် နိုင်ငံ၏ အနာဂတ်၊နိုင်ငံ၏အဓိကအင်အားစု ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်ဝရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးကြရမည်ဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့်အစဉ်အလာနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားကြရန်လည်း လိုအပ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ၏အင်အားဖြင့် တည်ဆောက်ရခြင်းဖြစ်**

☆ **အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့်အစဉ်အလာနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်လည်း လိုအပ်**

✰ စာမျက်နှာ ၃ မှ

နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်၊ ထိန်းသိမ်းကာကွယ်လိုသည့်စိတ် လူငယ်ထုအတွင်း ထာဝရ ကိန်းအောင်နေရန် အတွက် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်၊ လူရည်ချွန် စသည်ဖြင့် လူငယ်လူရွယ်များကို နယ်ပယ်အစုံတွင် နှစ်ပေါင်းများစွာ လေ့ကျင့်မွေးထုတ်ပေးနေခြင်း ဖြစ်ကြောင်း၊ အကြောင်း အမျိုးမျိုးကြောင့် အချို့နှစ်များတွင် ဆောင်ရွက်နိုင်ခြင်းမပြုနိုင်ခဲ့သော်လည်း ယခု လူငယ်များအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်အရည်သွေး မြင့်မားရေးကို အလေးထား ဆောင်ရွက်နေပြီဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒအမှာစကား ပြောကြားစဉ်။

လူရည်ချွန် စီမံကိန်းဆိုသည်မှာ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တ ကောင်းမွန်သည့်၊ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝသည့် လူကောင်းလူတော်များ၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများမှတစ်ဆင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာတတ်လူငယ်များ ပေါ်ထွန်းလာရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း၊ ကျောင်းသားများစွာ သန္နေတည် ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်း ရတနာများ မွေးထုတ်ပေးရာ အစဉ်အလာ ကောင်းသည့် ပညာရေးစီမံကိန်း တစ်ခုလည်းဖြစ်ကြောင်း၊ ယခင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံကို နဝမတန်းလူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

ကျောင်းသူအချင်းချင်း လူရည်ချွန် ရွေးချယ်ခံရသူများကို အားကျအတုယူလိုစိတ်၊ မိမိကိုယ်တိုင် လူရည်ချွန်ဖြစ်အောင် ကြိုးစားလိုစိတ်များနှင့် ကောင်းသောယှဉ်ပြိုင်မှုများနှင့် အဘက်ဘက်မှ လေ့လာသင်ယူလိုစိတ်များကို မြှင့်တင်ပေးခြင်းလည်းဖြစ်ကြောင်း၊ ထိုသို့ ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည့် လူရည်ချွန်စီမံကိန်းသည် ဆယ်စုနှစ်က လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသူများသည် ယခုအချိန်တွင် နိုင်ငံ့တာဝန်များကို အဆင့်မြင့်စွာ ထမ်းဆောင်နေကြသူများရှိသကဲ့သို့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များနှင့် အဖွဲ့အစည်းများတွင်လည်း ပါဝင်အကျိုးပြုနေပြီကို မောင်တို့မယ်တို့ အသိပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ အသီးသီးတို့၌ လူရည်ချွန်ရွေးချယ်ခံခဲ့ရသူ ၁၂ ဦး ပါဝင်ကြောင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူနိုင်ရေး အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၃ ခုနှစ်တွင် လူရည်ချွန် ၄၇၈ ဦး၊ ၂၀၂၄ ခုနှစ်တွင် လူရည်ချွန် ၅၅၄ ဦး၊ ၂၀၂၅ ခုနှစ်တွင် လူရည်ချွန် ၇၂၈ ဦး ရွေးချယ်နိုင်ခဲ့ကြောင်း။

ယခုနှစ် အခြေခံပညာကဏ္ဍတွင် နဝမတန်း လူရည်ချွန် ၉၆ ဦး၊ ဒသမတန်း လူရည်ချွန် ၁၃၂ ဦး၊ ကောဒသမတန်း လူရည်ချွန် ၁၃၃ ဦး၊ ဒွါဒသမတန်း လူရည်ချွန် ၉၉ ဦးနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ပထမနှစ်လူရည်ချွန် ၁၄၈ ဦး၊ ဒုတိယနှစ် လူရည်ချွန် ၁၄၃ ဦး ရွေးချယ်နိုင်ခဲ့ပြီး စုစုပေါင်း လူရည်ချွန် ၇၅၁ ဦး မွေးထုတ်နိုင်ခဲ့ကြောင်း၊ လူရည်ချွန် ၇၅၁ ဦးတွင် ငါးထပ်ကွမ်းနှစ်ဦး၊ လေးထပ်ကွမ်း ၃၁ ဦး၊ သုံးထပ်ကွမ်း ၆၈ ဦး၊ နှစ်ထပ်ကွမ်း ၁၉၆ ဦးနှင့် ပထမအကြိမ် ရွေးချယ်ခံရသူ ၄၅၄ ဦး ပါဝင်ကြောင်း။

ထိုသို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များကို အစဉ်လေ့ကျင့်မွေးထုတ်ပေးနေပြီး နိုင်ငံအတွက် လိုအပ်သည့် **"အသိပညာအဆောက်အအုံ"** တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချ ဆောင်ရွက်ပေးနေသည့် ပညာရေးဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုသည်ကို ပြောလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ယခုနှစ် လူရည်ချွန် ကျောင်းသားလူငယ်များ၏ ထူးချွန်ထက်မြက်မှု၊ ကြိုးစားအားထုတ်မှုကို ဂုဏ်ပြုသည့်အနေဖြင့် နဝမတန်း လူရည်ချွန်များကို ပြင်ဦးလွင်လူရည်ချွန်စခန်း၊ ဒသမတန်း လူရည်ချွန်များကို အင်းလေးလူရည်ချွန်စခန်း၊ ကောဒသမတန်း လူရည်ချွန်များကို ငွေဆောင်လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန်များကို နေပြည်တော် လူရည်ချွန်စခန်း၊ တက္ကသိုလ် ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန်များကို ချောင်းသာ လူရည်ချွန်စခန်းတို့သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း။

ယခုခရီးစဉ်သည် မိမိတို့၏ ကြိုးစားမှု၊ အရည်အချင်းနှင့် အစွမ်းအစများကြောင့် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သဖြင့် ယခုခရီးစဉ်တွင် ပါဝင်ခွင့်ရသည်ကို ဂုဏ်ယူတန်ဖိုးထားစေချင်ကြောင်း၊ ခရီးစဉ်တစ်လျှောက်တွင်လည်း မိဘပြည်သူများ၊ တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြိုဆိုကြမည်ဖြစ်ကြောင်း။

ထို့အပြင် ခရီးစဉ်အတွင်း ဒေသအသီးသီးမှ ပညာကိုတန်ဖိုးထားသည့် သက်တူ ရွယ်တူလူငယ်ချင်းများနှင့်တွေ့ဆုံပြီး အသိပညာများ ဖလှယ်နိုင်ကြမည် ဖြစ်သကဲ့သို့ ဒေသန္တရဗဟုသုတများ ရှာဖွေနိုင်ကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့် စုပေါင်းဆောင်ရွက်တတ်မှု၊ အများနှင့် လိုက်လျောညီထွေနေထိုင်တတ်လာမှုနှင့် အပြန်အလှန်နားလည်မှု၊ အချင်းချင်း ယုံကြည်လေးစားမှုနှင့် ခင်မင်ရင်းနှီးမှုများ ရရှိလာနိုင်မည်ဖြစ်သဖြင့် မိမိတို့ဘဝအတွက် အတွေ့အကြုံကောင်းများ ရနိုင်မည်ဖြစ်ကြောင်း။

မောင်တို့မယ်တို့အနေဖြင့် မိမိတို့ရရှိထားသည့် လူရည်ချွန်ဟူသည့် ဂုဏ်ပုဒ်၊ အဆင့်အတန်းနှင့်အညီ ပြောဆိုနေထိုင်ပြုမူလုပ်ကိုင်မှုများကို မြှင့်တင်နိုင်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ **"အတ္တနှင့်ပရ"** မျှတမှုရှိအောင် ကျင့်ကြံနေထိုင်ကြရန်နှင့် ခေတ်စနစ်၏တိုးတက်မှုနည်းလမ်းများကို အမြဲမပြတ် ရှာဖွေနေရန် လိုအပ်သကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မေးမှိန် ပျောက်ကွယ်မသွားအောင်လည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ လူငယ်ဘဝတွင် ရှိသင့်သည့် ကျင့်ဝတ်များဖြစ်သည့် သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များကို လိုက်နာနေထိုင်ကြရန်နှင့် မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ဘာသာတရား၏ အဆုံးအမနှင့်အညီ ကိုယ်ချင်းစာမှု၊ သည်းခံခွင့်လွှတ်မှုဟူသည့် အခြေခံစိတ်ဓာတ်ကောင်းများ မွေးမြူကြရမည် ဖြစ်ကြောင်း၊ အများကလေးစားအတုယူရမည့် စံပြပုဂ္ဂိုလ်များဖြစ်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

စာမျက်နှာ ၅ သို့ ✰

❖ **မောင်တို့မယ်တို့အနေဖြင့် မိမိတို့ရရှိထားသည့် လူရည်ချွန်ဟူသည့် ဂုဏ်ပုဒ်၊ အဆင့်အတန်းနှင့်အညီ ပြောဆိုနေထိုင်ပြုမူလုပ်ကိုင်မှုများကို မြှင့်တင်နိုင်အောင် ကြိုးစားသွားကြရမည်**

❖ **"အတ္တနှင့်ပရ" မျှတမှုရှိအောင် ကျင့်ကြံနေထိုင်ကြရန်နှင့် ခေတ်စနစ်၏ တိုးတက်မှုနည်းလမ်းများကို အမြဲမပြတ် ရှာဖွေနေရန် လိုအပ်သကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မေးမှိန် ပျောက်ကွယ်မသွားအောင်လည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက "ထာဝရပညာ" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

✰ စာမျက်နှာ ၄ မှ

ယခုကဲ့သို့ ၂၁ ရာစု အသိပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်မှာ ဘဝတစ်သက်တာ လေ့လာသင်ယူနေရန်၊ စွမ်းဆောင်ရည် ပြည့်ဝနေရန်လိုကြောင်း၊ ထိုသို့ဆိုပါက မိမိတို့ကိုယ်တိုင် အစဉ်အမြဲလေ့လာသင်ယူနေရန်နှင့် ပြင်ပဗဟုသုတနှင့် အသိပညာအတွက် စာအုပ်စာပေများ ဖတ်ရှုရမည်ဖြစ်ကြောင်း၊ **"ဖတ်လျှင် အမြင်ကျယ်၊ မှတ်လျှင် ပညာမြင့်၊ ကျင့်သော် အောင်မြင်၊ သင်သော် ထူးချွန်၊ ဘဝအတွက် စာကောင်းပေမွန်"** ဆိုသည့် စကားအတိုင်း စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကို စွဲစွဲမြဲမြဲ လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ပညာသင်ရာဌာနများဖြစ်သည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင်လည်း လူငယ်စကားပိုင်းများ၊ စာပေဟောပြောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ပညာရေးနှီးနှောဖလှယ်ပွဲများနှင့် လူငယ်များကို ဘက်ပေါင်းစုံ ထူးချွန်စေမည့်၊ ဗလငါးတန်ပြည့်ဝစေမည့် လှုပ်ရှားဆောင်ရွက်မှုများ ကျင်းပပေးကြရန် လေးလေးနက်နက် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ အများကြီး လိုအပ်ကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့်အတူ မိဘများ၊ ဆရာများအပါအဝင် တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံးက တစိုက်မတ်မတ် အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**"လူရည်ချွန်"** ဟူသည့် ဂုဏ်သိက္ခာနှင့် လျော်ကန်သင့်မြတ်သည့် တာဝန်ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန်၊ နိုင်ငံတကာ အသိုက်အဝန်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းကြရန်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြု ကျေးဇူးတင်စကားပြောကြားစဉ်။

### အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် လူရည်ချွန် စခန်းအလိုက် အထိမ်းအမှတ်အလံများကို လူရည်ချွန်မောင်မယ်များ ထံပေးအပ်ပြီး လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြု ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများက လူရည်ချွန်မောင်မယ်များနှင့်အတူ "လူရည်ချွန်စွမ်းအား" တေးသီချင်း၊ "လူငယ်စွမ်းရည်" တေးသီချင်းတို့ဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်း လူငယ်များနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် လူရည်ချွန် မောင်မယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

## မိုးရာသီတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများ အကျိုးရှိရှိဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်

နေပြည်တော် မေ ၅

မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇)၌ ကျင်းပသည်။



အဆိုပါအစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လာမည့်မိုးရာသီကာလအတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဓာတ်အားထုတ်လုပ်မှု (Power Generation Mix) တွင် အခြေခံဝန်အားအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် သဘာဝဓာတ်ငွေ့စက်ရုံများကို အသုံးပြုလျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် ရေအားလျှပ်စစ်စက်ရုံအချို့နှင့် မဟာဓာတ်အားလိုင်းများ ဖျက်ဆီးခံထားရမှုကြောင့် ယခုကဲ့သို့ အပူချိန်မြင့်မားသည့်အချိန်နှင့် ရေလှောင်တမံများတွင် ရေနည်းလာသည့်အချိန်တို့တွင် သဘာဝဓာတ်ငွေ့ကို ပိုမိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေရခြင်းဖြစ်ကြောင်း၊ မကြာမီ မိုးကျလာတော့မည်ဖြစ်ရာ ကောင်းမွန်လျက်ရှိနေသည့် ရေအားလျှပ်စစ်စက်ရုံများကို စွမ်းအားပြည့်လည်ပတ်၍ ဓာတ်အားထုတ်ယူရမည်ဖြစ်ကြောင်း၊ ယင်းအတွက် တမံကြီးများကို ကြိုတင်စစ်ဆေး၍ ကြံ့ခိုင်မှုကောင်းမွန်နေစေရန် စီမံဆောင်ရွက်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများအား ပြန်လည်စစ်ဆေး၍ လိုအပ်သည်များ ပြင်ဆင်ခြင်း၊ ချို့ယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာပါက အမြန်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေများအလိုက် အရန်ပစ္စည်းများ စုဆောင်းရေး၊ သယ်ယူပို့ဆောင်ရေး ယာဉ်ယန္တရားများ အဆင်သင့်ပြင်ဆင်ထားခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပိုမိုထွက်ရှိလာသည့် ဓာတ်အားများ ပို့ဆောင်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ရေးကိုလည်း စစ်ဆေးထားရန်လိုကြောင်း၊ ရေအားလျှပ်စစ် ပိုမိုအသုံးပြုနိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့အသုံးပြုမှု လျှော့ချနိုင်ပါက သဘာဝဓာတ်ငွေ့ကို ဓာတ်မြေသြဇာစက်ရုံများအပါအဝင် အခြားစက်ရုံများအတွက် အသုံးပြုနိုင်သည်ဖြစ်၍ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိုးရာသီအချိန်အတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများကို အကျိုးရှိရှိဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် အစီအမံများ ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးတို့၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုဂံခေတ် ရှေးဟောင်းမြစည်းခုံစေတီ ထီးတော်တင်လှူပွဲ

ဘုရားမှာစိန် ကျောင်းမှာသိမ်ဆိုသော ဆိုရိုးစကားရှိသည်။ ကျောင်းသင်္ခမ်း ဆောက်လုပ်လှူဒါန်းရာတွင် သိမ်ကျောင်းလှူဒါန်းမှုသည် အမြတ်ဆုံးအလှူဟူ၍လည်းကောင်း၊ ဘုရားစေတီများတွင် လှူဒါန်းကြရာ၌ စိန်ဖူးတော်၊ ရွှေထီးတော်လှူဒါန်းခြင်းသည် အမြတ်ဆုံး အလှူဒါနဟူ၍ လည်းကောင်း၊ ရဟန်းပညာရှိ လူပညာရှိများက ညွှန်းဆိုလေ့ရှိသည်။

အမြတ်ဆုံးအလှူတွင် အပါအဝင်ဖြစ်သော စိန်ဖူးတော်နှင့် ရွှေထီးတော်လှူဒါန်းခြင်း၊ အထွတ်တင်လှူခြင်းကို နဂါးကိုးကောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ ကမကထပြု၍ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရှိ ပုဂံခေတ်ဟောင်း ရှေးဟောင်းသမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သော ဘုရားဒကာမကြီး၊ မိဖုရားစောမွန်လှတည်ထားကိုးကွယ်ခဲ့သည့် 'မြတဘက်' စေတီတော်တွင် ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ (၁၈ - ၄ -၂၀၂၆) စနေနေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စိန်ဖူးတော်နှင့် ရွှေထီးတင်လှူ အလှူ့ဒါယကာ၊ ဒါယိကာမများမှာ ရန်ကုန်မြို့၊ ဇမ္ဗူထိပ်အောင်ချမ်းသာဆန်ပွဲရုံ၊ ဦးလှသောင်း+ဒေါ်တင်ရွှေ၊ သမီး မကြည်ကြည်ညွှန့်၊ ကိုခင်မောင်ထွေး+ မကြည်ကြည်မြင့် မိသားစုများ ဖြစ်သည်။

အလှူရှင် မိသားစုသည် ယခုအကြိမ် စိန်ဖူးတော်+ရွှေထီးတော်တင်လှူခြင်းမှာ ဒုတိယအကြိမ်ဖြစ်၍ ပထမအကြိမ် တင်လှူခဲ့စဉ်က အလှူ့ဒါယကာ+ဒါယိကာမများအဖြစ်လည်း လွန်ခဲ့သော (၁၃)နှစ် ၂၀၁၃ ခုနှစ်က တစ်ကြိမ် သဘာဝဘေးကြောင့်၊ ရွှေထီးတော်ပျက်စီးခဲ့စဉ်ကလည်း တင်လှူခဲ့သည့် မူလထီးအလှူရှင်များပင် ဖြစ်သည်။

ယခုတစ်ကြိမ် ထပ်မံတင်လှူဒါနပြုခွင့် ရရှိခြင်းမှာ ပြီးခဲ့သည့် ၂၀၂၅ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော (၇ ဒသမ ၇) စကေးရှိ မန္တလေးငလျင်ကြီးကြောင့် စိန်ဖူးတော်နှင့် ရွှေထီးတော် မူလ မဏ္ဍိုင် တိမ်းစောင်းခဲ့သဖြင့် ပြန်လည်၍အသစ် တင်လှူကြခြင်း ဖြစ်သည်။

မြတဘက်စေတီတော်သည် ပုဂံခေတ် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာပြုမင်းကြီးဖြစ်သော အနော်ရထာဘုရင်မင်းမြတ်၏ မိဖုရားရှမ်းမင်းသမီး စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီတော်ဖြစ်၍ အများပြည်သူများ ပါဝင်ကုသိုလ်ယူနိုင်ရန် နဂါးကိုးကောင်ဆရာတော်က ခွင့်ပြုတော်မူခဲ့သည်။ သို့ပါ၍ ရွှေထီးတော် တင်လှူပူဇော်ကြရာတွင် မူလအလှူရှင် ဒါယကာ + ဒါယိကာမများနှင့်အတူ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များ ပါရမီရှင် ခုနစ်ရက်သားသမီးများ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ရွှေထီးတော် တင်လှူပွဲ မကျင်းပမီကပင် သကြန်အကြိုနေ့မှစ၍ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပြုလုပ်ခဲ့ပြီး ပဋ္ဌာန်းသိမ်းအောင်ပွဲ ပြုလုပ်သည်။ (၁၆-၄-၂၀၂၆) အတက်နေ့ကလည်း နဂါးကိုးကောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးရှိသော ကျောင်းတိုက်အသီးသီးမှ ပင့်သံဃာတော်များ၊ ပဋ္ဌာန်းပူဇော်သည့် ရဟန်းသံဃာတော်များအား၊ လှူဖွယ်ဝတ္ထုများ၊ နဝကမ္မများ လှူဒါန်းခဲ့ပြီး ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခဲ့သည်။

ရွှေထီးတော်တင်လှူသည့် (၁၈-၄-၂၀၂၆) ရက်တွင် ရှေးဦးစွာ၊ မြတဘက်ဘုရားရွှေထီးတော်၊ ခေတ္တကိန်းဝပ်ပူဇော်ရာ ဇမ္ဗူထိပ်အောင်ချမ်းသာ ပဋ္ဌာန်းဆက် ဓမ္မာရုံတွင် အနေကဇာတင် လှူဒါန်းပူဇော်ခဲ့သည်။ ဆရာတော်သံဃာတော်များ၏ဩဝါဒကိုခံယူကာ သီလတရားများ ဆောက်တည်ခဲ့သည်။

ထို့နောက်ဆက်လက်၍ နဂါးကိုးကောင်ဆရာတော်မှ ဦးဆောင်လျက် ဆရာတော်၊ သံဃာတော်များ အလှူဒါယကာ + ဒါယိကာမများ ဟူးရားဖြူ- ဟူးရားညို ပုဏ္ဏားတော်ပညာရှိများ၊ ပုဂံခေတ် မင်းညီမင်းသား ထီးဝတ်နန်းအဆင်တန်ဆာများ၊ မင်းမြောက်တန်ဆာများ ဝတ်ဆင်ထားသည့် မောင်မယ်များဖြင့် ခင်းကျင်းလှည့်လည်ကာ မြတဘက်စေတီတော်ဆီ ပင့်ဆောင်ခဲ့သည်။ မြတဘက်စေတီတော်အား လက်ယာရစ် သုံးကြိမ်၊ သုံးခါပတ်၍ ပူဇော်ပြီး နံနက် ၉ နာရီတွင် နတ်ရထားပျံဖြင့် စိန်ဖူးတော်၊ ရွှေထီးတော်ကို စတင်လှူဒါန်းခဲ့သည်။

စိန်ဖူးတော် - ရွှေထီးတော် အထွတ်တင်လှူပြီးချိန်တွင် ရှမ်းအိုးစည်များ၊ ဓမ္မတေးများဖြင့် ပူဇော်လျက်ရှိပြီး 'ဓိတံမေ အောင်ပြီ' ဟု သုံးကြိမ်မျှရွတ်ဆိုကာ အောင်မြင်မှုအတွက် ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ရာ ပရိသတ်မှာ ဝက်ဝက်ကွဲမျှ ဩဘာပေး ပျော်ရွှင်ခဲ့ကြသည်။

ဆက်လက်၍ ဇမ္ဗူထိပ် အောင်ချမ်းသာ ပဋ္ဌာန်းဆက် ဓမ္မာရုံတွင် ဆရာတော်၊ သံဃာတော်များထံမှ အနုမောဒနာ တရားများခံယူ၍ ရေစက်သွန်းချအမျှဝေခဲ့ကာ နေ့ဆွမ်း အာဟာရဖြစ်သော ကြက်ဆီထမင်း၊ နတ်သုဒ္ဓါ အချိုပွဲများအား ဆက်ကပ်လှူဒါန်းပေးခဲ့ပြီး ရပ်ကွက်သူ၊ ရပ်ကွက်သားများကိုလည်း စေတနာကျွေးမွေးခဲ့သည်။ မွန်းလွဲပိုင်းတွင် မန္တလေးမြတ်သူမင်္ဂလာဆိုင်းအဖွဲ့နှင့် ရှမ်းအိုးစည်အဖွဲ့များက ဓမ္မတေးသွားဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ညဦးပိုင်းတွင် အလှူရှင် ညီအစ်မ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် မြတဘက်ဘုရား အရှေ့ဘက် အာရုံခံတန်ဆောင်းတွင် ကျင်းပခဲ့ကြသည်။

မြတဘက်စေတီတော်သည် သက္ကရာဇ်(၄၁၆)ခုနှစ် က မိုင်းမောဇကေရီ မိဖုရား စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ရှေးဟောင်းစေတီတော်ဖြစ်၍ သမိုင်းတန်ဖိုးအားဖြင့် ကြီးမားလှပေသည်။ မြတဘက်စေတီတော်ကြီးကို ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် မင်းအဆက်ဆက်က ကုသိုလ်ရှင် ဘုရားဒါယကာ+ ဒါယိကာမများက ဆက်လက်ဉာဏ်တော်မြှင့် ပူဇော်ခဲ့ကြသည်။

သမိုင်းဝင် မြတဘက်စေတီတော်ကို စိန်ဖူးတော်+ ရွှေထီးတော် တင်လှူခွင့်ရခြင်းသည် သာမန် အခွင့်အရေးမျှ မဟုတ်ပါ။ ပဋ္ဌာန်းဆက် ကုသိုလ်ဆက်ပါရမီရှင် ဖြစ်၍သာ နှစ်ကြိမ်တိုင်တိုင် ပူဇော်ခွင့်ရရှိခဲ့ခြင်းဖြစ်၍ မွန်မြတ်လှပေသည်။ ထိုကဲ့သို့ အထွတ်အမြတ်ဖြစ်သော ထီးတော်တင်လှူခွင့်ရခြင်းကြောင့် အကျိုးရှစ်ပါး ရရှိနိုင်ကြောင်းကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဤသို့မိန့်မြွက်ဟောကြားတော်မူခဲ့သည်။

(၁) အပူဒဏ်၊ အအေးဒဏ် ရာသီဥတုဒဏ်ကို မသိရှိမခံစားရခြင်း၊ (၂) မြူ - အညစ်အကြေး ၊ မလိမ်းကျံ၊ မကပ်ငြိခြင်း၊ (၃) ဘေးဥပါဒ် အန္တရာယ်မရှိခြင်း၊ (၄) စိုးရိမ်ကြောင့်ကြသောကပူပင်မှုမရှိကြခြင်း၊ (၅) သူတစ်ပါးတို့က အမြဲရှိသေကြခြင်း၊ (၆) အရောင်အဆင်းတောက်ပ၍ အသားအရေညက်ညောခြင်း၊ (၇)ကိုယ်စိတ်နှလုံးကြည်လင်သန့်ရှင်းခြင်း၊ (၈) ကိလေသာကုန်ခန်း၍ မဂ်ဖိုလ်ချမ်းသာရနိုင်သည့်အပြင် နိဗ္ဗာန်မရခင်စပ်ကြား၊ သံသရာ၌ ကျင်လည်ရစေဦးတော့၊ လှပဆန်းကြယ်စွာ အလုံးစုံကုန်သော တန်ဆာဆင်ထားသည့် ထီးတစ်သိန်းကို ဦးခေါင်းထက်မှာ အမြဲဆောင်မိုးထားခြင်း။

**ထီးလှူရခြင်း အကျိုး**

ထီးလှူဒါန်းသူ ဒကာမှုလည်း အေးပူမသိ မြူမငြိဘဲ မရှိဘေးရန်၊ ရိုသေခံလျက် တစ်ဖန်အရေနူးညံ့ပေ၏ စိတ်နေသန့်ရှင်း၊ ထီးအစင်းကို မယွင်းမှန်လှ သိန်းလောက်ရ၍ အရဟတ်ထီး ဆောင်မိုးပြီးသော် ပြည်ကြီးနိဗ္ဗာန် ပျော်ဝင်စံသည်။ ရှစ်တန်ထီးလှူအကျိုးတည်း။

'ဗုဒ္ဓသာသနစိရံတိဋ္ဌတု'

ဖိုးစွံ (အောင်ပင်လယ်)

# (၁၆၇) နှစ်ပြည့်မည့် မန္တလေးမြို့တည် နှစ်၊ လ၊ ရက် တို့ကို မှတ်မိစေချင်

ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်တွင် မန္တလေးမြို့ကို တည်ထောင်ခဲ့သည်မှာ (၁၆၇) နှစ်ပြည့်ပြီ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မင်းတုန်းမင်းသည် မန္တလေးမြို့တော်ကို မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်တွင် တည်ထောင်ခဲ့သောကြောင့် ဖြစ်သည်။

ထိုစဉ်အခါက မန္တလေးနန်းမြို့တော်ကို တည်ဆောက်ရာတွင်ပါဝင်သည့် တောင်ဘက်အရပ်နန်းမြို့ရိုးရှိ အလယ်တံခါးပေါက်ဖြစ်သည့် 'ကျော်မိုးတံခါး'ရှိ ကမ္ပည်းမော်ကွန်းတိုင်ကို ဖော်ပြအပ်သည်။

'သက္ကရာဇ် ၁၂၂၁ ခု ကဆုန်လပြည့်ကျော် ၆ ရက် ညည့် ၃ ချက်တီးကျော် ၇ ရက်တနင်းလာ နေ့အဝင် ၄ နာရီ ၂ ပါဒ်အချိန့်တည် ရတနာပုံမ်ရွှေမြို့ဝ့်တော်ကြီးကျော်မိုးတံခါး' ဟု ရေးသားထားပါသည်။ (မူရင်းသတ်ပုံအတိုင်း ဖြစ်ပါသည်။ ၆.၅.၂၀၂၅ ရက်တွင် ဓာတ်ပုံရိုက်ယူထားခြင်း ဖြစ်ပါသည်။)

ထိုသို့ဆိုလျှင် 'သက္ကရာဇ် ၁၂၂၁ ခု ကဆုန်လပြည့်ကျော် ၆ ရက်သည် မန္တလေးမြို့တည်နေ့စွဲဖြစ်ကြောင်း ထင်ရှားစွာ၊ ခိုင်မာစွာပြသနေပါသည်။

သို့ဖြစ်ပါ၍ ယခုနှစ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်သည် မန္တလေးမြို့တည်နှစ် ၁၆၇ နှစ်ပြည့်သောနှစ် ဖြစ်ပါသည်။

ထိုနေ့သည် ခရစ်နှစ်အရ ယခုနှစ် ၂၀၂၆ ခုနှစ် မေ ၆ ရက် ဖြစ်ပါသည်။သတိထားမိ၍ လေ့လာမှတ်သားရပါသည်။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ 'နယ်လှည့်ရာဇဝင်' ဒုတိယတွဲ၌ ' ၁၂၂၁ ခု ကဆုန်လပြည့်ကျော် ၆ ရက် ( 22 May 1859) မြို့တော်ခုနစ် ဌာနအုတ်မြစ်ချ။ နန်းမြို့တံခါးတော် တစ်ဆယ့်နှစ်မှာ ပြအိုးပြာသာဒ်တိုင်ထူ။ တံခါးအမည်နဲ့ မော်ကွန်းတိုင်စိုက်။'ဟု ရေးသားဖော်ပြထားပါသည်။

ထို မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်သည် ခရစ်နှစ် ၁၈၅၉ ခုနှစ် မေ ၂၂ ရက်နှင့် ထပ်တူကျကြောင်း သိရပါသည်။

ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်သည် ခရစ်နှစ် ၂၀၂၆ ခုနှစ် မေ ၆ ရက်နှင့် ထပ်တူကျပါသည်။

ပြီးခဲ့သည့်နှစ် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်သည် ခရစ်နှစ် ၂၀၂၅ ခု မေ ၁၇ ရက် ဖြစ်ပါသည်။

လာမည့်နှစ်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၉ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်သည် ၂၀၂၇ ခုနှစ် မေ ၂၆ ရက် ဖြစ်ပါသည်။

ဤသို့ဖြင့် ကဆုန်လပြည့်ကျော် ၆ ရက် တစ်နေ့တည်း၌ မတူသော ခရစ်ရက်များ ကျရောက်သည်ကို သတိမူမိပါသည်။

ခုနှစ်သက္ကရာဇ်အသစ်တစ်ခုသို့ ပြောင်းသည့်အခါတိုင်း မန္တလေးမြို့တည်နေ့စွဲ၊ မန္တလေးမြို့တည်နှစ်သက်တမ်းကိုသိလိုပါက မြန်မာလ၊ မြန်မာရက်ကိုသာ အခြေခံပြီး တွက်ယူသင့်ပါသည်။

ခရစ်နှစ်၏ ခရစ်လ၊ ခရစ်ရက်ကို အခြေခံပြီး တွက်ယူလျှင် မသင့်တော်ပါဟု ယူဆလိုပါသည်။

အဘယ်ကြောင့်ဆိုသော် မန္တလေးမြို့သည် မြန်မာမင်း မင်းတုန်းမင်း တည်ထောင်ခဲ့သော မြန်မာမင်း မင်းတုန်းမင်းစိုးစံခဲ့သော မြို့တော်ဖြစ်ခြင်း၊ မြို့တည်ကမ္ပည်းမော်ကွန်းစာကိုရေးသားရာတွင်လည်း မြန်မာ ခုနှစ်၊ လ၊ ရက် တို့ဖြင့် ဖော်ပြထားခြင်းတို့ကြောင့် ဖြစ်ပါသည်။

မန္တလေးမြို့မှာ မွေးဖွားသည်ဖြစ်စေ၊ မမွေးဖွားသည်ဖြစ်စေ၊ မန္တလေးမြို့၌ နေထိုင်သည်ဖြစ်စေ၊ မနေထိုင်သည်ဖြစ်စေ၊ မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူ၊ ပြည်သားများသာမက နိုင်ငံခြားသားများ မန္တလေးကိုရောက်ဖူးသူများနှင့် မရောက်ဖူးသူများတို့ကလည်း မန္တလေးမြို့ကို ချစ်မြတ်နိုးကြသည်ကို စာအုပ်များထဲမှာ ဖတ်ဖူးပါသည်။ ပြောစကားများကိုလည်း ကြားဖူးပါသည်။

မန္တလေးမြို့ကို ချစ်မြတ်နိုးသောအားဖြင့် ထိန်းသိမ်းစောင့်ရှောက်လိုသောအားဖြင့် ခုနှစ်သက္ကရာဇ်အသစ် တစ်နှစ်ပြောင်းသည့်အခါတိုင်း ထိုခုနှစ်၏ ကဆုန်လပြည့်ကျော် ၆ ရက်ကို အမှတ်ရစေချင်မိပါသည်။

ထို ကဆုန်လပြည့်ကျော် ၆ ရက်သည် မန္တလေးမြို့တည်နေ့စွဲဖြစ်ကြောင်း၊ မန္တလေးမြို့သက်တမ်းကို ဖော်ပြသည့် နေ့ရက်ဖြစ်ကြောင်းကို သတိရစေချင်မိပါသည်။



ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ခရစ်နှစ် ၂၀၂၆ ခုနှစ် မေ ၆ ရက်သည် မန္တလေးမြို့သက်တမ်း (၁၆၇) နှစ်ပြည့်သည့်နေ့ဖြစ်ကြောင်းကို ဝမ်းသာဂုဏ်ယူစွာ ရေးသားတင်ပြအပ်ပါသည်။

(ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် မေလတွင် ရိုက်ကူးထားပါသည် )

စိုင်းအောင်မိန်း(မိုတိုင်း)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မေ ၅

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင် ခြောက်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M4A1 သေနတ် တစ်လက်၊ MA5 ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ သုံးခု၊ ကျည်မျိုးစုံ ၅၇ တောင့်၊ MG-1 လက်ပစ်ဗုံး နှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ငွေကျပ်သိန်း ၅၀၊ ပစ္စတိုသေနတ်တစ်လက် အတွက်ငွေကျပ်သိန်း၂၀၊ လက်ပစ်ဗုံးနှစ်လုံးအတွက် ငွေကျပ်သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ၁၅ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၆၀ တို့ကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင်ဝင် ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲ ရောက်ရောက်ချင်း အခြေခံသင်တန်း လေးလနဲ့ အထူးကွန်မန်ဒိုသင်တန်းလေးလကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက် တပ်စိတ်မှူး ဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့ နေထိုင်တဲ့ နေရာကတော့ ပုလောနယ်တစ်ခွင်မှာ လှုပ်ရှားသွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေလုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့



နေရာမှာဆိုလည်း ကျွန်တော်တို့ PDF တွေက အဓိကလုပ်ကိုင်ရတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီးအနောက်မှာနေတာများပါတယ်။ တချို့တွေဆိုရင် ဂိတ်ကြေးတွေကောက်တယ်။ ဆက်ကြေးတွေ ကောက်တယ်။ တချို့တွေဆိုလည်း ထိုင်းနိုင်ငံအထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်။ တချို့ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေ ဖြစ်လာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေ ကတော့ တောထဲမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးနေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးနေရတာများပါတယ်။ အမြဲတမ်း ကြောက်လန့်တဲ့စိတ်နဲ့ နေရတာများပါတယ်။ ကျွန်တော် ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အခုမှပဲ လွတ်မြောက်လာခြင်းဖြစ်ပါတယ်။ အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့ သေနတ်ကို ခိုးယူလာပြီး တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလိုအလင်းဝင်လိုက်ပြီးနောက်ပိုင်းမှာ ကျွန်တော် ကောင်းကောင်းမွန်မွန် နေထိုင်ရပါတယ်။ ကောင်းကောင်းမွန်မွန် စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှုခံစားခွင့်တွေကိုလည်း ပြန်လည်ရရှိခဲ့ပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အထူးကျေးဇူး တင်ရှိပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ အပေါင်းအသင်း PDF တွေကိုလည်း အမြန်ဆုံး အလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

မန္တလေး မေ ၅

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ် မဟာအောင်မြေမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။




ဦးစွာ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ မြို့နယ်သန့်ရှင်းသာယာလှပရေး၊ ဒုစရိုက်အမှုများ ပပျောက်စေရေး၊ အများပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရေးစသည်တို့ကို ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်ပြီး မဟာအောင်မြေမြို့နယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အစိုးရသစ်ရက်(၁၀၀)စီမံချက်ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိဌာန ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များက ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆိုင်ရာများအား အသေးစိတ် ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ မဟာအောင်မြေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စည်သူကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ဇော်မင်း

၀-၀-၀-၀-၀

# တပ်မတော်စစ်ကြောင်းများက KIA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည်ထိန်းချုပ်

နေပြည်တော် မေ ၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်ဒေသများ၌ အကြမ်းဖက်ချေမှုန်းစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပြီး အဆင့်ဆင့်ပြန်လည်ထိန်းချုပ်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော ကသာခရိုင် အင်းတော်မြို့ကို ဧပြီ ၃၀ ရက်တွင် အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ် မော်လူးမြို့အား ထပ်မံ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။


မော်လူးမြို့သည် ကသာခရိုင် အင်းတော်မြို့နယ်တွင်ပါဝင်သည့် မြို့တစ်မြို့ဖြစ်ပြီး အင်းတော်မြို့၏ မြောက်ဘက် မိုင် ၂၀ အကွာတွင်တည်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ဆက်သွယ်ထားသော အချက်အချာကျသည့် ပြည်နယ်ချင်းဆက်လမ်းတစ်လမ်းဖြစ်သော ရွှေဘို - မြစ်ကြီးနားကားလမ်းဘေး၌တည်ရှိရာ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အရေးကြီးသည့်နေရာတွင်တည်ရှိသော ဒေသတစ်ခုဖြစ်သည်။

တပ်မတော်စစ်ကြောင်းများသည် အင်းတော်မြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီးနောက် အဆိုပါဒေသတစ်ဝိုက် နယ်မြေရှင်းလင်းခြင်း၊ အောင်မြေချဲ့ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ပြီး မော်လူးမြို့အား ဆက်လက်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး စစ်ကြောင်းများခွဲ၍ စစ်နည်းဗျူဟာမြောက် ချီတက်ရှင်းလင်းခဲ့ရာ အင်းတော်မြို့နှင့် မော်လူးမြို့ အကြားရှိ နားမကြိုင်းရွာ၊ ပင့်တင်ရွာနှင့် နဘားကြီးရွာတို့အား

စာမျက်နှာ ၉ သို့ ✣



တပ်မတော်စစ်ကြောင်းများ မော်လူးမြို့သို့ ချီတက်သိမ်းပိုက်စဉ် ကျေးရွာများမှ ဒေသခံပြည်သူများက အောင်သပြေပန်းများဖြင့် ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုကြစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်စဉ်။







တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ဌာနဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီး၍ ဘိလပ်မြေများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



မော်လူးမြို့သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်စဉ် လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသော စက်သုံးဆီသိုလှောင်သည့် နေရာများမှ ပီပါခွံများအား သိမ်းဆည်းရရှိမှုကို တွေ့ရစဉ်။



မော်လူးမြို့သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်စဉ် လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသော စက်သုံးဆီသိုလှောင်သည့် နေရာများမှ ဆီသိုလှောင်ကန်များအား သိမ်းဆည်းရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက တရားမဝင်စက်သုံးဆီများ သယ်ဆောင်သည့် မော်တော်ယာဉ်အား သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား နှစ်ဦးနှင့် နီပေါနိုင်ငံသား တစ်ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘူရွန်ဒီနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသား သုံးဦးနှင့် ယူဂန်ဒါနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၃၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် မေ ၅

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မလေးရှားသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရန်ကုန်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်သို့ထွက်ခွာမည့် လေယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည် တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက်နေ မျိုးညီညီဟိန်း(၃၂ နှစ်) နှင့် မနှင်းသဇင်ဦး (၂၉ နှစ်)တို့ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၂၆ ဒသမ ၆ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် အလားတူလေယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ တင်အောင်သန်း(၃၂ နှစ်)၊ မခင်သန္တာဝင်း(၃၃ နှစ်)၊ ရေတွင်းကုန်းရပ်ကွက်နေ ခင်မောင်သန်း(၄၁ နှစ်) နှင့် ချမ်းမြေ့ပိုင်(၂၄ နှစ်) တို့ လေးဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆ ဒသမ ၀၅ ကီလိုကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို လက်ခံ၍ ပို့ဆောင်ပေးသည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ကုမ္ပဏီရုံးခန်းကို ဝင်ရောက်ရှာဖွေရာ မင်္ဂလာတောင်ညွန့် မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ မထက်ဧကရီ(၂၃ နှစ်)နှင့် ဖို့မြေ ရပ်ကွက်နေ မကြယ်စင်လင်းလဲ့ (၁၉ နှစ်)တို့ နှစ်ဦးထံမှ အိုက်စ် (မက်သ်အဖက်တမင်း) ၉ ဒသမ ၅ ကီလိုကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးရန်အပ်နှံသူ အောင်မြေသာစံမြို့နယ် နှင်းဆီတန်ဖိုးနည်း အိမ်ရာနေ အောင်ကျော်ဝင်း(ခ)အောင်အောင် (၄၁ နှစ်) နှင့် ၎င်း၏ဇနီး မသန္တာလွင် (၄၆ နှစ်)တို့အား လားရှိုးမြို့ ရပ်ကွက်(၂)ရှိ ဟိုတယ်၌ အိုက်စ် (မက်သ်အဖက်တမင်း) တစ်ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်း ဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၃၁၆၇၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၉၃ ဒသမ ၁၅ ကီလို သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ တင်အောင်သန်း၊ ခင်မောင်သန်း၊ ခင်သန္တာဝင်း (မ) နှင့် ချမ်းမြေ့ပိုင်တို့အား သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆ ဒသမ ၀၅ ကီလိုနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးရန် စေခိုင်းသူမှာ သီပေါမြို့နယ် လင်တိကျေးရွာနေ လောက်ချိ (ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကိုဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

❖ စာမျက်နှာ ၈ မှ

မေ ၂ ရက်တွင်လည်းကောင်း၊ ပွိုင့်-၃၀၅ တောင်ကုန်းနှင့် ပင်ဝယ်ရွာသစ်တို့အား မေ ၃ ရက်တွင်လည်းကောင်း၊ တုံလုံရွာနှင့် ဖားပန်ရွာတို့အား မေ ၄ ရက်တွင်လည်းကောင်း အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မေ ၅ ရက်တွင် တပ်မတော်စစ်ကြောင်းများသည် စီပိန်းရွာ၊ နားခွင်းကျင်ရွာ၊ မော်လူးမြို့အား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မော်လူးမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား အလုံးစုံပြန်လည်ထိန်းချုပ်ရန် နယ်မြေရှင်းဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများရှိခဲ့ပြီး သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်များ သိမ်းဆည်းရရှိခဲ့သည့်အပြင် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသည့် စက်သုံးဆီသိုလှောင်သည့်နေရာများမှ စက်သုံးဆီထည့်သံပီပါခွံများနှင့် ကော်ပီပါခွံများ၊ ဆီလှောင်ကန်များနှင့် မော်တော်ယာဉ်များကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာအချို့ကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်းချီတက်လာသော တပ်မတော်စစ်ကြောင်းများအား အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက လမ်းကြောင်းတစ်လျှောက်လုံး၌ အောင်သပြေပန်းများ၊ ပန်းကုံးများကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ မော်လူး-နန့်စီးအောင်လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လူထုအခြေပြုပဟိုဌာန(Community Centre)ခန်းမ၌ ဆေးရောင်ခြယ် ပြိုင်ပွဲပြုလုပ်

ကျိုင်းလပ် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၌ ကျောင်းသား၊ ကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတက်စေရန်နှင့် ကာယ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြိုင်ပွဲများပြုလုပ်ပေးလျက်ရှိရာ မေ ၄ ရက်နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများမှ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# အရည်အသွေးမြင့် ဦးထုပ်မျိုးစုံကို လက်ကားစနစ်ဖြင့် ဖြန့်ချိပေးလျက်ရှိ



**မန္တလေး မေ ၅**

ပြည်တွင်းရှိ လက်လီဆိုင်ရှင်များနှင့် နယ်ကိုယ်စားလှယ်များအတွက် အရည်အသွေးမြင့်ပြီး ဒီဇိုင်းဆန်းသစ်သည့် ဦးထုပ်မျိုးစုံကို 'ရွှေလင်း' (Shwe Linn) ဦးထုပ်မျိုးစုံဖြန့်ချိရေးမှ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် အခြေစိုက်ကာ လက်ကားသီးသန့် စနစ်ဖြင့် စတင်ဖြန့်ချိပေးနေပြီဖြစ်သည်။

'ရွှေလင်း' ဖြန့်ချိရေးသည် ခေတ်မီဦးထုပ်ဒီဇိုင်းအသစ်များကို အဓိကထား တင်သွင်းထားပြီး အရည်အသွေးပိုင်း ခိုင်မာမှုနှင့် ဒီဇိုင်းပိုင်းဆန်းသစ်မှုတို့ကြောင့် ဆိုင်ရှင်များအနေဖြင့် ရောင်းပန်းလှစေကာ စီးပွားရေးအကျိုးအမြတ် အမှန်တကယ် ဖြစ်ထွန်းစေမည်ဖြစ်သည်။

လက်ရှိတွင် ရောင်းချမှုဝန်ဆောင်မှုကို လက်ကား(Wholesale) သီးသန့်စနစ်ဖြင့်သာ ဆောင်ရွက်ပေးလျက်ရှိပြီး၊ ဈေးနှုန်းမှန်ကန်မှုနှင့် ဝန်ဆောင်မှုကောင်းမွန်မှုတို့ကြောင့် လုပ်ငန်းရှင်များအကြား ယုံကြည်စိတ်ချရသည့် ဖြန့်ချိရေးတစ်ခုဖြစ်လာရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါလုပ်ငန်းမှ မေလအတွင်း ဦးထုပ်ဝယ်ယူအားပေးကြသည့် လုပ်ငန်းရှင်များအတွက် ငါးရာခိုင်နှုန်း အထူးလျှော့ဈေး ခံစားခွင့်ကို ပေးအပ်သွားမည်ဖြစ်ရာ ယခုကာလအတွင်း ဝယ်ယူစုဆောင်းခြင်းဖြင့် ဆိုင်ရှင်များအတွက် အရင်းအနှီး ပိုမိုသက်သာစေမည်ဖြစ်သည်။

ဝယ်ယူလိုသူများအနေဖြင့် မန္တလေး ၂၉လမ်း၊ ၈၃လမ်းနှင့် ၈၄ လမ်းကြားရှိ ဖြန့်ချိရေးဌာနတွင် လည်းကောင်း၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ VIP (၂)၊ မြတ်သီရိလမ်း၊ အမှတ်(၃၀/၄၀)ရှိ ရုံးခွဲတွင်လည်းကောင်း မိမိတို့နှင့် နီးစပ်ရာလိပ်စာများ၌ ယုံကြည်စိတ်ချစွာ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၈)**

# အပူဒဏ်ကာကွယ်ရေးအတွက် ဝါးခမောက်နှင့် ကြိမ်ခမောက်များ ရောင်းအားကောင်းလျက်ရှိ

**နတ်မောက် မေ ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် အပူရှိန် တဖြည်းဖြည်းမြင့်တက်လာသည်နှင့်အမျှ နေရောင်ခြည်နှင့် အပူဒဏ်ကို ကာကွယ်ရန်အတွက် သဘာဝကုန်ကြမ်းများဖြင့် ပြုလုပ်ထားသော ကြိမ်ဦးထုပ်နှင့် နီးဦးထုပ်များမှာ ယခင်နှစ်များထက် အရောင်းအဝယ် ပိုမိုသွက်လက်နေသည်။

ယခုနှစ် နွေရာသီတွင် အပူချိန်မှာ သိသိသာသာ မြင့်တက်နေသဖြင့် အပြင်ထွက်လုပ်ကိုင်ရသူများ၊ ခရီးသွားလာသူများနှင့် စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်နေသူများသည် ပလတ်စတစ်ဦးထုပ်များထက် လေဝင်၊ လေထွက်ကောင်းပြီး ဦးခေါင်းကို ပိုမိုအေးမြစေသည့် နီးဦးထုပ်နှင့် ကြိမ်ဦးထုပ်များကို အဓိကထား ဝယ်ယူလာကြခြင်းဖြစ်သည်။

အသားအနအရှင့်နှင့် လက်ရာအပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ငါးထောင်နှုန်းနှင့် တစ်သောင်းဝန်းကျင်မှ စတင်ကာ အမျိုးမျိုးရှိနေသော်လည်း အပူဒဏ်ကာကွယ်ရန် မဖြစ်မနေ လိုအပ်ချက်ဖြစ်သောကြောင့် ဝယ်ယူသူများပြားကာ အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်သည်။

**ဝင်းမေထွန်း(ပြန်/ဆက်)**



# မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး မေ ၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ရက်(၁၀၀)စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၄ ရက် နံနက်ပိုင်းက ညောင်ပင်လှအုပ်စု၊ နတ်စဉ်ကုန်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးပြောကြားခဲ့ကာ တက်ရောက်လာသော ဒေသခံပြည်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြို့နယ်အဆင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့က မြေငှားဂရန်လျှောက်ထားခွင့်ရှိသူများ၊ ကျေးရွာမြေအား မြေငှားဂရန်လျှောက်ထားရန် ကနဦးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ကျေးရွာတာဝန်ရှိသူများအား ဆွေးနွေးပြောကြားပြီး ကျေးရွာမြေငှားဂရန် လျှောက်ထားမည့် မြေနေရာများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(မိသနီးမြေ)**






# ပန်းချီဆရာမ ကြူကြူ၏ (၁၁)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ ပြုလုပ်မည်

**မန္တလေး မေ ၅**

NEXT အမည်ဖြင့် ပန်းချီဆရာမကြူကြူ၏ (၁၁)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲအား GALLERY OHMAR နှင့်အတူ ပူးပေါင်းတင်ဆက်မှုအဖြစ် မေ ၈ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂(A)လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ပရိတ္တဝါ အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသွားမည် ဖြစ်သည်။

ပန်းချီဆရာမ ကြူကြူအား ၁၉၆၅ ခုနှစ်တွင် ထားဝယ်မြို့၌ မွေးဖွားခဲ့ပြီး ခေတ်ပြိုင်အနုပညာလက်ရာများကို အစဉ်တစိုက် ဖန်တီးနေသော မြန်မာ့ခေတ်ပြိုင် အမျိုးသမီး အနုပညာရှင်တစ်ဦးဖြစ်လျက် လက်ရာများသည် MODERM CUBISM အပေါ် အခြေခံထားရှိသည်။

အနုပညာအခြေခံအား အနုပညာရှင် ဦးရဲမြင့်ထံမှ ဆည်းပူးခဲ့ပြီး ဦးသိန်းမြင့်သိန်း၊ ကိုကျော်ဝင်းတို့ထံမှ ရေဆေး၊ အခရိုင်းလစ်အတတ်ပညာများ ဆက်လက်လေ့လာခဲ့သည်။

၂၀၀၅ ခုနှစ်မှ စတင်ကာ ပြည်တွင်း၊ပြည်ပအဖွဲ့လိုက် ပန်းချီပြပွဲ ၄၀ ကျော်တွင် ပါဝင်ခဲ့ပြီး ၂၀၂၄ ခုနှစ် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည်။ RESILIENCE IN SHADOWS နိုင်ငံတကာပန်းချီပြပွဲတွင် ပါဝင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ဆရာမ၏ GOLDEN MIRAGE ပန်းချီကားအား အင်္ဂလန်မှ ထုတ်ဝေသော BONES WILL CROW မြန်မာ့ခေတ်ပြိုင်ကဗျာစာအုပ်ဖုံးအဖြစ် ရွေးချယ်ခြင်းခံရသည်။

ယခု ပန်းချီပြပွဲအား မေ ၈ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **(၀၇၀)**

# လွှတ်တော်ကိုယ်စားလှယ်များ ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်မင်္ဂလာကျင်းပ

**မန္တလေး မေ ၅**

လွှတ်တော်ကိုယ်စားလှယ်များ ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၅ လမ်းနှင့်၈၆လမ်းထောင့်၊ အကွက် ၅၄၉ ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူးဦးစန်းမောင်၊ ဘဏ္ဍာရေးမှူး ဦးမော်ကြီးနှင့် မြို့နယ်ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်ရုံးဆိုင်းဘုတ်အား တာဝန်ရှိသူများက အမွေးနံ့သာများ ပက်ဖျန်းကာ စိုက်ထူခဲ့ကြောင်း သိရသည်။ **(၀၄၁)**

# မန္တလေးဈေးကွက်သို့ နယ်စုံမှ ဂေါ်ဖီထုပ်များ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး မေ ၅**

မန္တလေးမြို့ရှိ သီးနှံဈေးကွက်အတွင်းသို့ နယ်ပယ်စုံမှ ထွက်ရှိသော ဂေါ်ဖီထုပ်များ အဆက်မပြတ် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်မှာ ပုံမှန်ထက် ပိုမိုကောင်းမွန်နေကြောင်း အောင်ပွဲရုံပိုင်ရှင် ဦးအောင်ထံမှ သိရသည်။

လက်ရှိတွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများအပြင် အခြားမြေပြန့်ဒေသများမှ စိုက်ပျိုးထွက်ရှိသည့် ဂေါ်ဖီထုပ်များမှာ မန္တလေးဈေးကွက်သို့ နေ့စဉ်နှင့်အမျှ ဆက်တိုက်ဝင်ရောက်လျက်ရှိသည်။

ယခုကဲ့သို့ ဂေါ်ဖီထုပ်များ အဝင်လှိုင်နေသော်လည်း စားသုံးသူများဘက်မှ ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်အေးစက်သွားခြင်း မရှိဘဲ သွက်လက်နေသည်။

ဈေးနှုန်းအနေဖြင့် မန္တလေး သီးနှံဈေးကွက်အတွင်း ဂေါ်ဖီထုပ် တစ်ထုပ်လျှင်လက်ကားဈေးငွေကျပ် ၁၀၀၀မှ ၁၂၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိနေပြီး စိုက်ပျိုးသူတောင်သူများအတွက် ဈေးကောင်းရရှိနေသည့် အခြေအနေရှိသည်။

'အခုရက်ပိုင်း နယ်စုံကနေ ဂေါ်ဖီထုပ်တွေအဝင်များပါတယ်။ ဝယ်ယူတဲ့သူလည်းများတာကြောင့် အရောင်းအဝယ်ကတော့ တော်တော်လေး ကောင်းနေတယ်လို့ ပြောလို့ရပါတယ်'ဟု ပွဲရုံပိုင်ရှင် ဦးအောင်က ပြောသည်။

သို့သော်လည်း လက်ရှိဖြစ်ပေါ်နေသော ဝယ်လိုအားအတက်အကျနှင့် ကုန်စည်စီးဆင်းမှုအခြေအနေများအပေါ်မူတည်၍ ရှေ့လာမည့်ရက်များတွင် ဂေါ်ဖီထုပ်ဈေးနှုန်းများ ပြောင်းလဲမှုရှိနိုင်ကြောင်း ဈေးကွက်အတွင်းမှ ခန့်မှန်းထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်–၈)**






## ရိုးမားအသင်းက ဖီအိုရင်တီးနားအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် မေ ၅**

အီတလီစီးရီးအေပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရိုးမားအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရိုးမားအသင်းက ဖီအိုရင်တီးနားအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရိုးမားအသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၁၃မိနစ်တွင် မန့်စီနီ၊ ပွဲချိန် ၁၇မိနစ်တွင် ဝက်စ်လီ၊ ပွဲချိန် ၃၄မိနစ်တွင် ဟာမိုဆို၊ ပွဲချိန် ၅၈မိနစ်တွင် ပီစီလီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရိုးမားအသင်းသည် အီတလီစီးရီးအေပွဲစဉ် (၃၅)ပွဲကစားအပြီးတွင် ရမှတ် ၆၄ မှတ်ဖြင့် အဆင့် (၅)နေရာတွင် ရပ်တည်လျက်ရှိသည်။

(အပေါ်ယာပုံ) (NGB)



## ရိုင်ဒါးစ်အား ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် မေ ၅**

ဂျူဗင်တပ်အသင်းသည် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုင်ဒါးစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၇ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




ကွင်းလယ်ကစားသမား ရိုင်ဒါးစ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် မန်စီးတီးအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် မန်စီးတီးအသင်းထံမှ ရိုင်ဒါးစ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## အမျိုးသမီးချန်ပီယံလိဂ် ဗိုလ်လုပွဲအဆင့်တွင် ဘာစီလိုနာအသင်းနှင့် လိုင်ယွန်အသင်းတို့တွေ့ဆုံ

**ဘာစီလိုနာ မေ ၅**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ် ဗိုလ်လုပွဲအဆင့်တွင် ဘာစီလိုနာအသင်းနှင့် လိုင်ယွန်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။




အမျိုးသမီးချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး၊ သုံးဂိုးဖြင့်လည်းကောင်း၊ လိုင်ယွန်အသင်းက အာဆင်နယ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး၊ သုံးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (အပေါ်ယာပုံ)

ဘာစီလိုနာအသင်းနှင့် လိုင်ယွန်အသင်းတို့သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေ ၂၃ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မည်သည့်အသင်းက ချန်ပီယံဆုကို ရယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## နည်းပြ ဖာဘီယန်ဟာဇယ်လာအား နှစ်ရှည်စာချုပ်သက်တမ်းတိုးရန် ဘရိုက်တန်အသင်း စီစဉ်



**လန်ဒန် မေ ၅**

ဘရိုက်တန်အသင်းသည် အသင်းနည်းပြ ဖာဘီယန်ဟာဇယ်လာကို နှစ်ရှည်စာချုပ် သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နည်းပြသည် ဘရိုက်တန်အသင်းကို ၂၀၂၄ခုနှစ် ဇွန် ၁၅ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၈၅ပွဲတွင် ၃၇ပွဲနိုင်၊ ၂၅ပွဲသရေ၊ ၂၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ရလဒ်ကောင်းများ ရယူထားနိုင်ခဲ့ခြင်းကြောင့် နှစ်ရှည်စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဘရိုက်တန်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ ဖာဘီယန်ဟာဇယ်လာကို နှစ်ရှည်စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ) (NGB)

## ကားလို့စ်အယ်လ်ဗာရက်ဇ် ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ


**မက်ဒရစ် မေ ၅**

လီဗန်တေးအသင်း ကွင်းလယ်ကစားသမား ကားလို့စ် အယ်လ်ဗာရက်ဇ် ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လီဗန်တေးအသင်းက ဗီလာရီးရဲလ်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကားလို့စ်အယ်လ်ဗာရက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗန်တေးအသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကားလို့စ်အယ်လ်ဗာရက်ဇ်သည် လီဗန်တေးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲစဉ် ပွဲ ၃၀ကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (အောက်ပုံ) (NGB)



## 2026 Trophee Clarins တင်းနစ်ပြိုင်ပွဲ မေ ၁၁ရက်တွင် စတင်မည်

**ပါရီ မေ ၅**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Trophee Clarins တင်းနစ်ပြိုင်ပွဲ လာမည့် မေ ၁၁ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Trophee Clarins တင်းနစ်ပြိုင်ပွဲကို မေ ၁၁ရက်မှ ၁၈ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Trophee Clarins တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Trophee Clarins တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂရိတ်ဗြိတိန်တင်းနစ်မယ် Katie Boulter ဖြစ်သည်။

(အောက်ပုံ) (NGB)




## အိုဆူလာ နယူးကာဆယ်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၅**

တိုက်စစ်မှူး အိုဆူလာ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု နယူးကာဆယ်အသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက နယူးကာဆယ်အသင်းတွင် ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အိုဆူလာသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ ကစားပြီး ကိုးဂိုးအထိ သွင်းယူထားသည်။

နယူးကာဆယ်အသင်း၏ ထုတ်ပြန်ချက်တွင် "အိုဆူလာ အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)




## ဘောလုံးသတင်းအတိုအထွာများ

* စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဆီဗီလာအသင်းနှင့် ဆိုစီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆီဗီလာအသင်းက ဆိုစီဒက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* ဘာစီလိုနာအသင်း တောင်ပံကစားသမား ရာဖင်ဟာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိသည်။

(NGB)

## ပရီးမီးယားလိဂ် နောက်ဆုံး (၆)ပွဲဆက် ရှုံးနိမ့်သည့် မှတ်တမ်းဆိုးတစ်ရပ် ချဲလ်ဆီးအသင်း ပိုင်ဆိုင်

**လန်ဒန် မေ ၅**

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ် နောက်ဆုံး (၆)ပွဲဆက် ရှုံးနိမ့်သည့် မှတ်တမ်းဆိုး တစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ် နောက်ဆုံး(၆)ပွဲတွင် နယူးကာဆယ်၊ အဲဗာတန်၊ မန်စီးတီး၊ မန်ယူ၊ ဘရိုက်တန်၊ နော်တင်ဟမ်ဖောရက်စ် စသည့် အသင်းများကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၃၅)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၄၈ မှတ်ဖြင့် အဆင့် (၉)နေရာတွင် ရပ်တည်ခဲ့သည်။

(အောက်ပုံ) (NGB)



## ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ဒု-အကျော့ပွဲစဉ်) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၇-၅-၂၀၂၆ ကြာသပတေးနေ့ | နံနက် ၀၁:၃၀ နာရီ | ဘိုင်ယန်မြူးနစ် (ဂျာမနီ-၁) - ပီအက်စ်ဂျီ (ပြင်သစ်-၁) | ပီအက်စ်ဂျီ ၅-၄ ဘိုင်ယန်မြူးနစ် |

# မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ပွဲ့နေ့အခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ






**မန္တလေး မေ ၅**

၂၀၂၆ ခုနှစ်၊ မေ ၅ ရက်နေ့တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ခရစ်နှစ် ၁၀၄၄ ခု၊ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းစောလက်ထက်က မီးသတ်သမား(၆၆၃)ဦးဖြင့် စတင်၍ စနစ်တကျ ဖွဲ့စည်းတာဝန်ပေးကာ နိုင်ငံတော်ကိုမီးဘေးမသင့်စေရန် မီးသတ်လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံမှ မီးသတ်တပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနိုင်ခဲ့သည့်နေ့ကို အစွဲပြုပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား စဉ်ဆက်မပြတ် ကျင်းပလာခဲ့ရာ နှစ်(၈၀)ပြည့်သို့ရောက်ရှိပြီဖြစ်ပါကြောင်း၊ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရည်မှန်းချက်တာဝန်(၄)ရပ်ဖြင့် "မြန် ၃ မြန်"၊ "သင့် ၄ သင့်"ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များမှာ မီးငြိမ်းသတ်ရေးတစ်ခုတည်းသာမက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများအပေါ် ကိုယ်ကျိုးစွန့်ပြီး ပူးပေါင်းချိတ်ဆက်မှုအားကောင်းစွာဖြင့် ထိရောက်လျင်မြန်စွာ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နေသည်ကို တွေ့မြင်နေကြရပါကြောင်း၊ အသက်နှင့်ခန္ဓာကိုယ်ကို အရင်းတည်ပြီး စွန့်လွှတ်စွန့်စား ကူညီဆောင်ရွက်ပေးနေကြသူများကို နိုင်ငံတော်က အသိအမှတ်ပြုပြီး ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ခေတ်အဆက်ဆက် ဂုဏ်ပြုချီးမြှင့်ပေးလာခဲ့သည်မှာ နှစ်ပေါင်း ၈၀ အတွင်း ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ မီးသတ်တပ်ဖွဲ့ဝင်ပေါင်း(၅၅၀)ဦးအထိ ရှိလာပြီဖြစ်ပါကြောင်း၊ မီးသတ်တပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ပြည်သူအားကိုး အားထားရသည့် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်သိစိတ်မြင့်မားစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်မှုဖြစ်စဉ်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်များအား စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများအား ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ၊ စံပြမီးသတ်စခန်းဆုရရှိသည့် မန္တလေး-ရန်ကုန်အမြန် လမ်းပေါ်ရှိ စကားအင်း(အမြန်လမ်း)မီးသတ်စခန်းနှင့် သီးကုန်း(အမြန်လမ်း) မီးသတ်စခန်းမှ တာဝန်ရှိသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ၊ ဌာနတွင်းသင်တန်းများနှင့် ပြင်ပဌာနများတွင် ဆုရရှိသူများ၊ စွမ်းရည်ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးချီးမြှင့်ခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များအား ပြသသည့် Video Clip၊ ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊ 191 Report Mobile Application ဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း သင်တန်းဖွင့်လှစ်

**ဝမ်းတွင်း မေ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြေတိုင်ကန်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန် ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချရမည့် ဘာသာရပ်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းကို မြေတိုင်ကန်ကျေးရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြ ဆရာမတစ်ဦးက လူသုံးကုန်ပစ္စည်း ပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို မေ ၅ ရက်မှ မေ ၉ ရက်အထိ ၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀



# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ







**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများနှင့် ဘော်လီဘောဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အမျိုးသားပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ မိတ္ထီလာခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို (၃)ပွဲ၊ (၂)ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

၎င်းနောက် ဆုချီးမြှင့်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသည့် မိတ္ထီလာခရိုင်အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပထမဆုရရှိသည့် အမျိုးသား၊ အမျိုးသမီး မိတ္ထီလာခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များ၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပြင်ဦးလွင်ခရိုင်အသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ၊ အမျိုးသားအကောင်းဆုံးကစားသမားဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းမှ ကျောနံပါတ်(၈)နှင့် အမျိုးသမီးအကောင်းဆုံးကစားသမားဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းမှ ကျောနံပါတ်(၃)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(မန္တလေးနေ့စဉ်)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်းများ ကွင်းဆင်းဆောင်ရွက်



**မန္တလေး မေ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံမြို့နယ်ရုံးမှ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆောင်ရွက်ခြင်းကို မေ ၄ ရက်က အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ နန်းတော်ရှေ့နယ်လုံးဆိုင်ရာမွှာရုံတွင် ပြုလုပ်ပေးခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးကျော်ဆန်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင်လဝက ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်တို့က ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

မြို့နယ် လဝက ဦးစီးမှူး ဦးထွန်းဝင်း ဦးဆောင်သော ဝန်ထမ်းများက ဒေါနဘွားရပ်ကွက်မှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၄၅ ကတ် အပါအဝင် Biometric ကောက်ယူခြင်း ၄၉ ခုကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၉၃)**

**မန္တလေး မေ ၅**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်မှကြီးမှူးကာ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးငါးခုတို့တွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၃၈) သင်တန်းဆင်းပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်ခင်သီက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းဖွင့်လှစ်သင်ကြားပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်မှ မေ ၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။ သင်တန်းတွင် အခြေခံစာရင်းရေးစာရင်းကိုင်ပညာ၊ စတိုပစ္စည်းစာရင်းထားနည်း၊ ဦးစီးဌာနစာရင်းပညာ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်းနှင့် ရုံးစာရေးသားနည်း ဘာသာရပ်များအား သင်ကြားပို့ချခဲ့ပြီး ဝန်ကြီးဌာန ၁၈ ခုမှ သင်တန်းသား၊ သင်တန်းသူ ၄၉ ဦး၊ ပြန်လည်ဖြေဆိုမည့် ဝန်ကြီးဌာန ခြောက်ခုမှ သင်တန်းသား၊ သင်တန်းသူ ၁၂ ဦး၊ စုစုပေါင်း သင်တန်းသား ၆၁ ဦး တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

## အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၃၈) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




**ညောင်ဦး မေ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အခမ်းအနားနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနောရထာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုကအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စွမ်းဆောင်ရည်ဆုရရှိသူများနှင့် ပရဟိတ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ် ဝန်ထမ်း(ငြိမ်း)များအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်တိုး၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(၄၈၁)**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မိတ်ကပ်မပါဘဲ ပိုလှအောင် ပြုမူနေထိုင်နည်း

လူတိုင်းဟာ သဘာဝအတိုင်း လှပချင်ကြပါတယ်။ မိတ်ကပ်မပါဘဲ ပိုလှပပြီး ကျန်းမာတဲ့ပုံပေါက်စေဖို့အတွက် အဓိကကျတဲ့ အချက်လေးတွေကို ဒီနေ့မှာ ဖော်ပြပေးချင်ပါတယ်။

**၁။ အသားအရေထိန်းသိမ်းခြင်း**

သင့်ရဲ့အသားအရေက ကျန်းမာ စိုပြည်နေရင် မိတ်ကပ်မသုံးဘဲလည်း လှပနေမှာပါ။

အသားအရေထိန်းသိမ်းမှု ပုံမှန်လုပ်ပေးရမှာဖြစ်ပြီး မိမိအသားအရေနဲ့ ကိုက်ညီတဲ့ Skincare Routine(သန့်စင်ခြင်း၊ အစိုဓာတ်ဖြည့်ခြင်း၊ နေရောင်ကာခြင်း)ကို နေ့စဉ် ပုံမှန်လုပ်ဆောင်ပါ။ မျက်တောင်လေးတွေကို ကော့ထားပြီး မျက်ခုံးမွေးလေးတွေကို ဖြီးသင်ထားခြင်းက မျက်နှာကို ပိုပြီး ထင်လင်းစေပါတယ်။ နှုတ်ခမ်းအက်တာ၊ ခြောက်တာတွေ မဖြစ်စေဖို့နဲ့ နှုတ်ခမ်းအရောင်လေး နီမြန်းပြီး စိုပြည်နေဖို့ Lip Balm(နှုတ်ခမ်းအစိုဓာတ်ထိန်းဆေး) အမြဲသုံးပေးပါ။

**၂။ ဆံပင်ပုံစံ (Hair)**

ဆံပင်ပုံစံက လူတစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ကို အများကြီး ပြောင်းလဲစေပါတယ်။ ဆံပင်ပုံစံကို သပ်ရပ်အောင်ထားပြီး ကိုယ့်မျက်နှာနဲ့ လိုက်ဖက်တဲ့ ဆံပင်ပုံစံတစ်ခုကို ပုံမှန်ညှပ်ပေးတာ၊ ပြုပြင်ပေးတာတွေ လုပ်ပါ။

**၃။ လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်း**

လက်ဝတ်ရတနာလေးတွေက သင့်ရဲ့ပုံစံကို ပိုပြီး ထူးခြားလှပစေနိုင်ပါတယ်။ လက်ကောက်၊ လက်စွပ်တွေ၊ လည်ဆွဲနဲ့ နားကပ်တွေက မျက်နှာကို ပိုပြီးပေါ်လွင်စေတာကြောင့် ဝတ်ဆင်ပေးပါ။

**၄။ အဝတ်အစား**

အဝတ်အစားကောင်းကောင်း ဝတ်ခြင်းက သင့်ကို ယုံကြည်မှုတိုးစေပါတယ်။ အိမ်မှာပဲနေရင်တောင်မှ ကြည့်ကောင်းတဲ့ အိမ်နေရင်း ဝတ်စုံလေးတွေ (Nice Lounge Wear Set)ကို ဝတ်ပါ။ မိမိအသားအရေနဲ့ အလိုက်ဖက်ဆုံး အရောင်တွေကို ရွေးချယ်ဝတ်ဆင်ပါ။




**၅။ လက်သည်းကိုသန့်ရှင်းရေး**

လက်သည်းလေးတွေ သန့်ရှင်းသပ်ရပ်နေခြင်းကလည်း အရေးကြီးပါတယ်။ လက်သည်းတွေကို ပုံမှန်ညှပ်ပေးတာ၊ သန့်ရှင်းပေးတာနဲ့ လက်သည်းနီလေး ဆိုးပေးတာတွေက သင့်ရဲ့လက်ကို လှပစေပါတယ်။ ဒီအချက်လေးတွေကို လိုက်နာပြီး သဘာဝအတိုင်း လှပတဲ့ မိန်းကလေးတစ်ယောက် ဖြစ်အောင် ကြိုးစားကြည့်၊ နေထိုင် ကြည့်နိုင်ပါတယ်။ **Daisy**



## စိတ်ဖိစီးမှုကြောင့် အမည်းစက်၊ တင်းတိပ်ဖြစ်နိုင်သလား

စိတ်ဖိစီးမှု(Stress)နဲ့ အမည်းစက်၊ တင်းတိပ်(Melasma)ကြားမှာ ခိုင်မာတဲ့ ဆက်စပ်မှုရှိနေပြီး စိတ်ဖိစီးမှုဟာ တင်းတိပ်ကို ပိုမိုဆိုးရွားလာစေတဲ့ အဓိက တွန်းအားတစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ စိတ်ဖိစီးမှုကြုံရတဲ့အခါ ခန္ဓာကိုယ်ကနေ ကော်တီဆော(Cortisol) လို့ခေါ်တဲ့ စိတ်ဖိစီးမှုဟော်မုန်းတွေကို အမြောက်အမြား ထုတ်လုပ်လိုက်ပါတယ်။ ဒီဟော်မုန်းတွေ မြင့်တက်လာခြင်းက အသားအရေရဲ့ အရောင်ခြယ်ဆဲလ်တွေကို ထိန်းချုပ်တဲ့ တခြားသော ဟော်မုန်းစနစ်တွေကို ကမောက်ကမဖြစ်စေပြီး အထူးသဖြင့် အမျိုးသမီးဟော်မုန်းတွေကို သွားရောက်လှုံ့ဆော်တဲ့အတွက် အသားအရေမှာ မယ်လနင်(Melanin) (ခေါ်) အမည်းစက်ဖြစ်စေတဲ့ ဓာတ်တွေကို လိုအပ်တာထက် ပိုမိုထုတ်လုပ်စေကာ တင်းတိပ်အကွက်များ ပေါ်လာရခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ရေရှည်စိတ်ဖိစီးမှုဟာ ခန္ဓာကိုယ်အတွင်းမှာ Oxidative Stress လို့ခေါ်တဲ့ ဓာတ်တိုးပစ္စည်းများ မမျှတမှုကို ဖြစ်ပေါ်စေပြီး အရေပြားဆဲလ်တွေကို ပျက်စီးစေကာ ရောင်ရမ်းမှုတွေကို ဖြစ်စေပါတယ်။ အရေပြားက အဆိုပါရောင်ရမ်းမှုတွေကနေ မိမိကိုယ်ကို ပြန်လည်ကာကွယ်ဖို့ ကြိုးစားရင်း မယ်လနင်ဓာတ်တွေကို ပိုမိုထုတ်လုပ်လိုက်တာကြောင့် ရှိပြီးသား တင်းတိပ်တွေ ပိုမိုရင့်လာတာမျိုး ကြုံတွေ့ရတတ်ပါတယ်။

တစ်ချိန်တည်းမှာပဲ စိတ်ဖိစီးမှုကြောင့် အိပ်ရေးပျက်ခြင်းကလည်း အသားအရေရဲ့ ပြန်လည်ပြုပြင်နိုင်စွမ်းကို ကျဆင်းစေပြီး တင်းတိပ်ပြဿနာကို ပိုမိုထင်ရှားစေပါတယ်။ ဒါကြောင့် တင်းတိပ်ကို ထိရောက်စွာ ကုသချင်တယ်ဆိုရင် ပြင်ပကနေ ခရင်မ်များ လူးပေးရုံတင်မကဘဲ စိတ်ဖိစီးမှုကို လျှော့ချပေးတဲ့ နည်းလမ်းတွေကိုပါ ပူးတွဲလုပ်ဆောင်မှသာ ရေရှည်မှာ အောင်မြင်တဲ့ ရလဒ်ကို ရရှိမှာဖြစ်ပါတယ်။

**Daisy**


## သင်မသိသေးသော သက်တမ်းကုန် အလှကုန်များ၏ ဘေးထွက်ဆိုးကျိုးများ

သက်တမ်းကုန်ဆုံး (Expired) ဖြစ်နေတဲ့ Skin care ဒါမှမဟုတ် အလှကုန်ပစ္စည်းတွေကို နှမြောလို့ပဲဖြစ်ဖြစ်၊ သတိမထားမိလို့ပဲဖြစ်ဖြစ် သုံးမိတဲ့အခါ အသားအရေအတွက် အလွန်အန္တရာယ်များပါတယ်။ အလှကုန်တွေထဲမှာ ပါဝင်တဲ့ တာရှည်ခံဓာတ်ပစ္စည်း (Preservatives) တွေဟာ သက်တမ်းကုန်ဆုံးသွားတဲ့အခါ အာနိသင်မရှိတော့ဘဲ ပစ္စည်းအတွင်းမှာ ဘက်တီးရီးယားနဲ့ မှိုတွေ အလွယ်တကူ ပေါက်ဖွားလာနိုင်ပါတယ်။ အဆိုပါ ဘက်တီးရီးယားတွေဟာ အရေပြားပေါ်ကို ရောက်ရှိသွားတဲ့အခါ ပြင်းထန်တဲ့ ဝက်ခြံတွေ ထွက်လာစေရုံသာမက အရေပြားကို ပိုးဝင်စေတဲ့အထိ ဖြစ်ပွားစေနိုင်ပါတယ်။

ဒါ့အပြင် ပစ္စည်းထဲက ဓာတုဗေဒ ဒြပ်ပေါင်းတွေဟာ အချိန်ကြာလာတာနဲ့အမျှ ပျက်စီးသွားတာကြောင့် အရေပြားကို လောင်စေခြင်း၊ နီရဲယားယံခြင်းနဲ့ အဖုအပိမ့်များ ထွက်လာခြင်း စတဲ့ အရေပြားရောင်ရမ်းမှုတွေကို ဖြစ်ပေါ်စေပါတယ်။ တချို့သူတွေမှာတော့ ပုံမှန်ထက် ပိုမိုပြင်းထန်တဲ့ ဓာတ်မတည့်မှုတွေဖြစ်ပြီး မျက်နှာတစ်ခုလုံး ဖောင်းအစ်လာတာ ဒါမှမဟုတ် အရေပြား အလွှာလိုက် ကွာကျတာမျိုးတွေအထိ ကြုံတွေ့ရနိုင်ပါတယ်။ အထူးသဖြင့် မျက်လုံးနဲ့ပတ်သက်တဲ့ Mascara ဒါမှမဟုတ် Eyeliner တွေဟာ သက်တမ်းကုန်သွားရင် ပိုလို့တောင် အန္တရာယ်ကြီးပြီး မျက်စိပိုးဝင်တာကနေ အမြင်အာရုံ ထိခိုက်တဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် မိမိသုံးနေတဲ့ ပစ္စည်းတွေက မူလအနံ့မဟုတ်ဘဲ ပြောင်းလဲသွားတာ၊ အရောင်ရင့်လာတာ ဒါမှမဟုတ် အနှစ်နဲ့ အရည် သီးခြားစီ ကွဲထွက်နေတာမျိုးတွေရှိလာရင် သက်တမ်းကုန်နေပြီလို့ ယူဆနိုင်ပါတယ်။ Expire ဖြစ်နေတဲ့ ပစ္စည်းတွေကို နှမြောပြီး ဆက်သုံးမိရာကနေ ပျက်စီးသွားတဲ့ အသားအရေကို ပြန်လည်ကုသရတဲ့ စရိတ်ဟာ ပစ္စည်းအသစ်ဝယ်ရတဲ့ တန်ဖိုးထက် အဆပေါင်းများစွာ ပိုကုန်ကျနိုင်တာကြောင့် အမြဲတမ်း သတိပြုစစ်ဆေးပြီးမှ သုံးစွဲသင့်ပါတယ်။

**Daisy**




## ဆံပင်သန်စွမ်းဖို့ Biotin ကြွယ်ဝတဲ့ သဘာဝအစားအစာ (၆)မျိုး

ဆံပင်ကျန်းမာရေးအတွက် အလွန်အရေးပါတဲ့ Biotin (ဗီတာမင် B7)ဓာတ်ကို အားဆေးတွေအပြင် မိမိတို့နေ့စဉ် စားသောက်နေတဲ့ သဘာဝအစားအစာတွေကနေလည်း လုံလောက်စွာ ရရှိနိုင်ပါတယ်။ Biotin ကြွယ်ဝစွာပါဝင်တဲ့ အစားအစာတွေကို ဖော်ပြပေးလိုက်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ကြက်ဥအနှစ်ဟာ Biotin အကြွယ်ဝဆုံး အရင်းအမြစ်တစ်ခုဖြစ်ပြီး ဆံသားတည်ဆောက်ပုံကို အားဖြည့်ပေးနိုင်ပါတယ်။ ဒါ့အပြင် အသည်းနဲ့ ကလီစာများဟာလည်း ဗီတာမင် B အုပ်စုများစွာ ပါဝင်တဲ့အတွက် ဆံပင်ကျွတ်ခြင်းကို သက်သာစေပါတယ်။ အပင်ထွက်အစားအစာတွေထဲမှာဆိုရင် အစေ့၊ အဆန်များနဲ့ အခွံမာသီးများ (ဥပမာ - မြေပဲ၊ သစ်ကြားသီး၊ နေကြာစေ့)တို့ဟာ Biotin သာမက ကျန်းမာတဲ့အဆီဓာတ်တွေကိုပါ ပေးစွမ်းနိုင်လို့ ဆံသားကို တောက်ပစေပါတယ်။

အသီးအနှံတွေထဲမှာတော့ ကန်စွန်းဥဟာ Biotin မြင့်မားစွာ ပါဝင်တဲ့ အစားအစာဖြစ်သလို အရေပြားကျန်းမာရေးကို ပါ အထောက်အကူပြုပါတယ်။ ပဲအမျိုးမျိုး (ဥပမာ - ပဲစင်းငုံ၊ ပဲလွန်း)တို့ဟာလည်း ပရိုတင်းနဲ့ Biotin ဓာတ်ကို တစ်ပြိုင်နက်တည်း ပေးစွမ်းနိုင်တဲ့အတွက် သက်သတ်လွတ်စားသူတွေအတွက် အထူးသင့်တော်ပါတယ်။ ဒါ့အပြင် မှိုနဲ့ ထောပတ်သီးတွေကလည်း Biotin ဓာတ်ကို အထိုက်အလျောက် ပေးစွမ်းနိုင်တဲ့အတွက် ဆံပင်ကျန်းမာသန်စွမ်းလိုသူများ အနေနဲ့ အဆိုပါအစားအစာများကို မျှတအောင် ရွေးချယ်စားသောက်ပေးသင့်ပါတယ်။

**Daisy**



## မိုင်းယောင်းမြို့၌ ကျေးရွာမြေငှားဂရန်ပေးအပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း မေ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ကျေးရွာမြေငှားဂရန်ပေးအပ်နိုင်ရေးအတွက် တာဝန်ရှိသူများက ယမန်နေ့က ဖကျောက်ခေတ်မီစံပြကျေးရွာနှင့် ဝမ်ပေါ့ကျေးရွာတို့၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျေးရွာမြေငှားဂရန် (Village Land Lease)များ ချထားပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ကြိုတင်လုပ်ဆောင်ရသည်များ ဆောက်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ကျင်းပခဲ့သည်။ **(ယာပုံ)**

ထို့နောက် ဝမ်ဘိုးအုပ်စု၊ ဖကျောက်ခေတ်မီစံပြကျေးရွာနှင့် ဝမ်ထန်ကျန့်အုပ်စု၊ ဝမ်ပေါ့ကျေးရွာတို့၌ ကျေးရွာမြေငှားဂရန်များ ချထားပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း၍ နေအိမ်များ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်စော်လင်း**



## ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ဈေးရောင်း၊ဈေးဝယ်သူများကို အင်ဖက်၊ ငှက်ပျောဖက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**ပွင့်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်း၊ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို မေ ၄ ရက်က ပွင့်ဖြူမြို့မ စည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မ စည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးရောင်း၊ဈေးဝယ်များကို တွေ့ဆုံကာ သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်း၊ဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်း မပြုကြရန်၊ ဈေးဝယ်လာပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန်၊ ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ကြရန် စသည့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးလုပ်ငန်းများကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။



ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့က သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ပွင့်ဖြူမြို့မဈေးအတွင်း၊အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချနိုင်ရေး ဈေးရောင်း၊ ဈေးဝယ်ရာ၌ အသုံးပြုရန် အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)

## အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)ဖွင့်ပွဲ ကျင်းပ

**မိုင်းဆတ် မေ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မိုင်းဆတ်)၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲကို မေ ၄ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်လဝကဦးစီးမှူး ဦးထွန်းလှက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(မိုင်းဆတ်)မှ ကျောင်းအုပ် ဒေါ်ခိုင်ခိုင်ထွေးက သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့် သင်ထောက်ကူပစ္စည်းထောက်ပံ့ပေးမည့်အခြေအနေများအား ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ မိုင်းဆတ် ခရိုင်အတွင်းမှ သင်တန်းသူ ၃၀ ဦး တက်ရောက်သွားမည်ဖြစ်ပြီး သင်တန်းတွင် လက်မနှင့်စင်တီမီတာစက်ချုပ်နည်း ၂၁ မျိုး၊ လက်မှုပညာရပ် ၅ မျိုး၊ မုန့်လုပ်နည်း ၅ မျိုးနှင့် ဟင်းလျာချက်ပြုတ်နည်း ၅ မျိုးတို့ကို ရက်သတ္တပတ် ၂၂ ပတ်ကြာ စာတွေ့၊လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မေတ္တာစမ်းရေ စီးကြစေ

* နိုးကြား ထကြွ ၊ "ဝီရိယ" ကို
မျှတ ချိန်ခွင် ၊ ချိန်ညှိတင်သို့
အစဉ် ဦးဆောင် ၊ "မာန" ရှောင်လျှင်
မောင်မယ်ကြံသမျှ ၊ အောင်မြင်ရလိမ့် ။

* အောင်လို ပြင်းပြ ၊ ကြံသမျှတွင်
"ဆန္ဒ" သည်သာ ၊ ခေါင်းဆောင်လာက
သေချာ အောင်ပွဲ ၊ ရှောင်မလွှဲပါ
အောင် "ဇွဲ" ချစ်ဆွေ ၊ ဝန်းရံနေလိမ့် ။


* ရန်းကန် ကြိုးစား ၊ "စိတ်"ရှေ့သွားလျက်
ညီဖွား "သတိ" ၊ စွယ်စုံရှိ၍
မောင်မိ ကြံစည် ၊ လက်တွဲညီသော်
အောင်ပြီ ဟစ်ကြွေး ၊ အောင်သံမွှေးလိမ့် ။

* မြင့်မြတ် "ပညာ" ၊ တွဲ "သစ္စာ"ကို
ဘယ်ညာ ပြုစု ၊ ပန်းပုထုသို့
ယှဉ်တု ကင်းပ ၊ ရှေ့ဆောင်ရလျှင်
ဘဝ အောင်ပွဲ ၊ မောင်မယ် နွှဲလိမ့် ။

* မြင့်မား သမာဓိ ၊ ပိုင် ကဝိ ... တို့
အဓိပတိ ၊ လေးပါးရှိတွင်
အသိမကွာ ၊ ဦးဆောင်လာက
မဟာ သုခ ၊ ချိန်ပြည့်ရလိမ့်
မိဘ ရင်ခွင် ၊ ရင်သွေးခင်သို့
ကြင်နာ မျှင်တန်း ၊ မေတ္တာပန်းကို
လန်းစေ ဖြာစေ - ဝေစေ သတည်း
လွှမ်းစေ သာစေ - ခြွေစေ သတည်း
ကမ်းခြေ စမ်းရေ - တွေတွေ စီး ။ ။

အိမ်တင်အေး(ပုလဲ)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့ ။





## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၅**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြု သော သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာ တော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က ဟော ကြားချီးမြှင့်သော ကောင်းမှု ကုသိုလ်အစုစုတို့အတွက် အနု မောဒနာတရားအား နာယူကြည် ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးတင်နိုင်စန်း+ဒေါ်ဝင်းမင်းသန်း တို့က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ်သိန်း ၃၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်း က လက်ခံရယူကာ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) PNT**

## သံဃာတော်အရှင်မြတ်တို့အား အရဏ်ဆွမ်း လောင်းလှူ

**မန္တလေး မေ ၅**

နှစ်(၈၀)မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြု သောအားဖြင့် သံဃာတော်အရှင် မြတ်တို့အား အရဏ်ဆွမ်းလောင်း လှူခြင်းကို ယနေ့ နံနက် ၅ နာရီ က ပြည်ကြီးပျော်ဘွယ်အနောက် ရပ်ကွက် အရန်မီးသတ်စခန်းရှေ့ တွင် လောင်းလှူကြသည်။

ဆွမ်းလောင်းလှူရာသို့ ပြည် ကြီးပျော်ဘွယ်အနောက်ရပ်ကွက် အရန်မီးသတ်စခန်း(တာဝန်ခံ) တပ်ခွဲမှူး ဦးသိန်းနိုင်နှင့် တပ်ဖွဲ့ဝင် များက ဆရာတော်၊ သံဃာတော် အပါး ၈၀ကျော်အား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခဲ့ ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၁)**





## ဘုရားစေတီများရေသပ္ပာယ် ပူဇော်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မလှိုင် မေ ၅**

မေ ၅ရက်တွင် ကျရောက် ခဲ့သည့် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအား ဖြင့် မလှိုင်မြို့၊အမှတ်(၂)ရပ်ကွက် ရှိ သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော် မြတ်ကြီးဝင်းအတွင်းရှိ ဘုရား စေတီများအား ရေသပ္ပာယ် ပူဇော်ခြင်းနှင့် စုပေါင်းသန့်ရှင်း ရေးပြုလုပ်ခြင်းကို မေ ၃ ရက် နံနက် ၉နာရီက အဆိုပါစေတီ ရင်ပြင်တော်တွင် ကျင်းပခဲ့သည်။

မလှိုင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ဘုရားစေတီ များအား ရေသပ္ပာယ်ပူဇော်ခြင်း၊ ရင်ပြင်တော်နှင့် ဘုရားဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်း ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်မင်း(မလှိုင်)**



## ရွှေသာလျောင်းပေါင်းလဲဓမ္မဗိမာန်တော်ကြီးအတွက် ငွေလှူဒါန်း

**မန္တလေး မေ ၅**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊မဟာအောင်မြေအနောက် ပိုင်း၊ ရွှေသာလျောင်းပေါင်းလဲ ဓမ္မဗိမာန်တော်ကြီး(ငလျင်ဒဏ် ကြောင့် ပျက်စီး)သွားသည်ကို ပြန်လည်ပြုပြင်ရန်အတွက် ဂေါပကအဖွဲ့ရုံးခန်းသို့ ကွယ်လွန် သူ ဖခင်ကြီး ဦးရွှေကျင်+မိခင် ကြီး ဒေါ်ညွန့်၊ (ဇနီး) ဒေါ်ခင်စိုး ရီတို့အား ရည်စူး၍ ဦးလှအောင် (ကံ့ကော်မိသားစု)တို့က အလှူ ငွေကျပ် သိန်း ၂၀ ကို ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းရာဂေါပက ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒု-ဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးမောင်မောင်(ရွှေလက်ရာ)၊ တွဲ ဖက်အတွင်းရေးမှူး(၁) ဦးကိုကို ကြီး၊ ဘဏ္ဍာရေးမှူး ဦးဇော်ဇော် မျိုးတို့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ် သည်။

ပေါင်းလဲရွှေသာလျောင်း ဘုရား ဘက်စုံပြုပြင်မွမ်းမံရန် အတွက် အလှူငွေများလှူဒါန်းလိုပါ က ဂေါပကအဖွဲ့ရုံးဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

## တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်ကုသ၊ ကျန်းမာရေးအခမဲ့စစ်ဆေးကုသ၊ ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး မေ ၅**

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇(A)လမ်း နှင့် ၁၁၈(B)လမ်း၊ (မမ-၂၆) ရှိ တို့လူငယ်ကုသိုလ်ဖြစ်အခမဲ့ ဆေးခန်းကို မေ ၂ ရက် နံနက် ၆ နာရီခွဲက ဖွင့်လှစ်ပြီး လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ၊ ဒေသ မရွေး လူနာများအား အထွေထွေ ရောဂါ၊သွားနှင့်ခံတွင်းရောဂါများ ကို စေတနာဆရာဝန်၊ သူနာပြု ဆရာမကြီးများဖြင့် အခမဲ့ကုသ ပေးလျက်ရှိပြီး လိုအပ်သောလူနာ များကို ECG စစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ သွေးပေါင် ချိန်စစ်ဆေးခြင်းများလည်း အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်းတစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀-၁၅၀ ဦးခန့် ကုသပေး လျက်ရှိရာ ဆေးခန်း ရေရှည် ဆက်လက်ရပ်တည်နိုင်ရေး ဆေး နှင့်ဆေးပစ္စည်းများ (ဆီးချိုကျ ဆေး)၊ (သွေးကျဆေး)၊ အစာ အိမ်ဆေး၊ပိုးသတ်ဆေး၊ထိုးဆေး၊ အားဆေး၊ သွားနှင့်ခံတွင်းရောဂါ များအတွက် ထုံဆေး၊ အကိုက် အခဲပျောက်ဆေး၊ အနာကျက် ဆေး၊ ဝါဂွမ်းနှင့် အသေးစား ခွဲ စိတ်ကုသမှုအတွက် အရေးပေါ် ဆေးများအား ဖုန်း ၀၉-၂၅၉၅၁ ၀၃၉၈ နှင့် ၀၉-၂၅၅၀၆၈၅၃၃ (Viber)သို့ ဆက်သွယ်လှူဒါန်း နိုင်သည်။ **(ဝဲပုံ)**



တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်းသို့ လိုအပ်သော ဆေး ပစ္စည်းများ ဝယ်ယူရန် ချမ်းမြ သာစည်မြို့နယ်နေ ဦးမြင့်သိန်း စာရေးဆရာ မောင်ကျေးရေ(မြေ အောက်ရေပညာရှင်) မိသားစုက မေလအတွက် ဆေးဝါးများ ဝယ်ယူရန် ငွေကျပ် ငါးသိန်းကို လာရောက်လှူဒါန်းရာ ဆေးခန်း ကြီးကြပ်မှုအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**



## (၇၁)ကြိမ်မြောက် ဇီဝိတဒါနအဖြစ် သွေးလှူဒါန်း

**မန္တလေး မေ ၅**

မြန်မာနိုင်ငံစာရေးဆရာ အသင်းဝင် ဦးနန္ဒ(နန္ဒလောကမင်း) ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ အလှူရှင်သည် မေ ၈ ရက်တွင် ကြရောက်သည့် ကျေးဇူးရှင် မိခင် ကြီး၏ (၈၁) နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး တွင်ဆေးကုသမှုခံယူလျက်ရှိပြီး သွေးသွင်းကုသရန်လိုအပ်သော လူနာများအတွက် ယနေ့ နံနက် ၁၀နာရီက မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး အမျိုးသား သွေးဘဏ်တွင် ဇီဝိတဒါနအဖြစ် (၇၁)ကြိမ်မြောက် သွေးလှူဒါန်း ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (ဝ၄၁)**

## စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**စစ်ကိုင်း မေ ၅**

စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီး ဌာနမှ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသော အားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်း မြို့ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ ကြီး၌ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နဲမီးသတ် တပ်ဖွဲ့ဝင် ၁၅ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၀ ဦးတို့မှ စုပေါင်း သွေးလှူဒါန်းခဲ့ကြသည်။

ထိုသို့ သွေးလှူဒါန်းခဲ့ကြ သော သန္နဲမီးသတ်တပ်ဖွဲ့ဝင် များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် တာဝန်ရှိသူ များက အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



# ကျေးဇူးသိတတ်သော မောင်ပိုင်း

ကျွန်တော်တို့နေထိုင်ရာ ဤကမ္ဘာလောကကြီးတွင် သက်ရှိသတ္တဝါမှန်သမျှသည် တစ်ဦးပေါ်တစ်ဦး ကျေးဇူးပြုကာ ရပ်တည်နေသော သူများသာဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတရားနှင့် ကင်းကွာသူဟူ၍ မရှိကြပေ။ မိမိဘဝ လူဖြစ်လာရ အစကပင် သူတစ်ပါး၏ ကျေးဇူးတရားဖြင့် မကင်းခဲ့ပါ။ သက်ရှိသတ္တဝါပင် မဆိုထားနှင့် သက်မဲ့ပစ္စည်းများဖြစ်သည့် တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်ပန်းမန်များပင် တစ်ခုနှင့်တစ်ခု မှီတွယ်ကျေးဇူးပြုလျက် သက်ရှိသတ္တဝါများအတွက် အသက်ရှင်ရပ်တည်နိုင်ကြစေရန် အေးမြကြည်လင်သည့် ရေဓာတ်၊ မှီဝဲစားသုံးရန် အစာအာဟာရ၊ မှီတင်းနေထိုင်ရန် အရိပ်အာဝါသ၊ သက်ရှင်ကျန်းမာစေရန် ဆေးဝါးများအဖြစ် ကျေးဇူးပြုကြသည်။ ထို့ကြောင့် မည်သည့်အရာမှ ကျေးဇူးတရားနှင့် မကင်းနိုင်ကြပေ။ ထိုသည်တို့အထဲ ထူးကဲသူများမှာ ကျေးဇူးရှိလျှင် ကျေးဇူးဆပ်တတ်ကြသည့် လူဆိုသော သက်ရှိသတ္တဝါများပင် ဖြစ်သည်။ ထို့ကြောင့် သတ္တလောကကြီးတွင် သူတစ်ပါး၏ ကျေးဇူးရှိခဲ့ဖူးလျှင် ကျေးဇူးတရားရှိခဲ့ဖူးကြောင်း ထုတ်ဖော်နှုတ်မြွက် ပြောဆိုတတ်ကြဖို့၊ ကျေးဇူးမမေ့ကြဖို့၊ ကျေးဇူးပြန်ဆပ်တတ်ကြဖို့ လွန်စွာမှ အရေးကြီးလှပေသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ လေ့လာဖူးသမျှ အနည်းငယ်မျှဆိုရပါမူ တတိယမြန်မာနိုင်ငံတော်ကြီးကို **'ဉာဏ်အော်မြည် ကုန်းဘောင်တည်'** ဆိုသော စကားအရ ၁၁၁၄ ခုနှစ်တွင် နန်းတက်သော အလောင်းမင်းတရား ဦးအောင်ဇေယျသည် **'ကုန်းဘောင်နန်းဆက်'** ကို ၁၁၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ မင်းကြီး လွန်တော်မူလျှင် သားတော်များ ကြီးစဉ်ငယ်လိုက် နန်းတက်စိုးစံရန်ကိုလည်း မှာကြားတော်မူခဲ့သည်။ ထို့ကြောင့် အလောင်းမင်းတရားကြီး လွန်တော်မူသောအခါ သားတော်ကြီးဖြစ်သော 'နောင်တော်ကြီး' (ခေါ်) 'စစ်ကိုင်းမင်း' မောင်ကောက်သည် ၁၁၂၂ ခုနှစ်တွင် နန်းတက်သည်။ နောင်တော်ကြီးမင်း သုံးနှစ်နန်းစံ၍ ၁၁၂၅ ခုနှစ်တွင် ညီတော် 'ဆင်ဖြူရှင်မင်း' ဦးရွ နန်းတက်သည်။ ဆင်ဖြူရှင်မင်း နန်းစံသက် (၁၃)နှစ်ကြာသောအခါ ဖခင်စကားကို ပယ်ရှား၍ သူ၏သားတော်ဖြစ်သော 'စဉ့်ကူးမင်း' မောင်ရဲလှကို နန်းအပ်သဖြင့် ၁၁၃၈ ခုနှစ်တွင် 'စဉ့်ကူးမင်း' နန်းတက်သည်။ တူတော်မောင် နန်းတက်သောအခါ ဦးရီးတော်များဖြစ်ကြသည့် 'ဗဒုံစား၊ ပင်းတလဲစား၊ ပခန်းစား၊ စည်သာမင်းသားတို့ကို အရာမှချကာ (ရာထူးမှချ) တစ်မြို့ထဲတွင် အတူမနေရန် ချမှတ်သည့် အမိန့်တော်ကြောင့် အသက်ဘေးမှလွတ်ကင်းစေရန် နန်းရပ်ကို စွန့်ခွာ၍ တိမ်းရှောင်ကြရသည်။ မင်းသားတို့သည် တစ်မြို့၊ တစ်ရွာ၌ သာမန်အရပ်သားဘဝဖြင့် မထင်မရှား နေကြရသည်။

ဗဒုံစား မောင်ဝိုင်းသည် ဇနီးမယား၊ သမီးသားတို့ကို ပစ်ထားကာ စလေနယ် 'ဓနိချိုပင်ရွာ' တောင်သူကြီး 'ဖိုးသာပြန့်'အိမ်တွင် ခိုအောင်းကာ မထင်မရှားအသွင်ဖြင့် နေထိုင်ခဲ့ရသည်။ တောင်သူကြီး ဖိုးသာပြန့်သည် မင်းညီမင်းသားမှန်းမသိပါဘဲ လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ခဲ့သည်။ မောင်ဝိုင်းကလည်း တောင်သူလုပ်ငန်းကို စိတ်ရောကိုယ်ပါ ဝင်ရောက်ကူညီကာ အေးချမ်းစွာနေသည်။ ဓနိချိုပင်ရွာသည် စလေမြို့၏ အရှေ့တောင်ဘက်၊ ရေနံချောင်းမြို့နှင့် ၁၉ မိုင်ခန့်အကွာ၊ ကျောက်ပန်းတောင်းနှင့် ၁၆ မိုင်ခန့်အကွာ၊ ရေနံချောင်းနှင့် ကျောက်ပန်းတောင်းသွား ကားလမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိသည်။ ထိုဓနိချိုပင်ရွာသည် နှမ်း၊ မြေပဲ၊ ကောက်ပဲသီးနှံတို့ စိုက်ပျိုးကာ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးသောရွာဖြစ်သည်။ တစ်နေ့သောအခါ ရွာသူ၊ ရွာသားကလေး သူငယ်များ၏ နှုတ်များတွင် . . .

**'အညာကိုပြန် တောင်ပံကဝိုင်း၊**
**ရွှေဖျိုင်းဖြူပညာရှိရယ်၊ ကိုဝိုင်းဘယ်မှာရှိတယ်၊**
**ဒီမှာရှိတယ် ပြောလိုက်ပါကွယ်'** ဆိုသော ထူးခြားသော 'တဘောင်'တစ်ခုအဖြစ်ဖြင့် ရွတ်ဆိုနေသည်ကို ကြားသိရခြင်း၊ ညနေခင်းချိန်ခါ တောင်ယာတောမှအပြန် ကောင်းကင်ယံတွင် နက္ခတ်ကြယ်တာရာတို့သည် ထူးကဲစွာ လင်းလက်တောက်ပနေသည်ကို တွေ့ရခြင်းတို့ကြောင့် နက္ခတ်ပညာတတ်ကျွမ်းသော မောင်ဝိုင်းသည် သူ့ဘဝ ထူးကဲမည်ကိုသိရှိသဖြင့် 'နက္ခတ်၊ တာရာတွေကတော့ ကောင်းနေပြီ'ဟု အာမေဋိတ်အသံ ထွက်ပေါ်လာခဲ့သည်။ ထိုစဉ် မင်းညီမင်းသားမှန်းမသိသော ဖိုးသာပြန့်က 'မောင်ဝိုင်းရာ နက္ခတ်တာရာကောင်းတာ တို့နဲ့ဘာဆိုင်သလဲ။ ကိုယ်လုပ်စရာရှိတာသာ ကိုယ်လုပ်စမ်းပါ'ဟု နှုတ်အတိတ်ကို ယူလျက် ညီတော်များကိုစုစည်းကာ အင်းဝရွှေနန်းကို သိမ်းပိုက်ရန် ကြံစည်လုပ်ဆောင်ပါတော့သည်။

ထိုစဉ်ကာလက အင်းဝရွှေနန်းတော်တွင် နောင်တော်ကြီးမင်း၏ သားတော်'ဖောင်းကားစား မောင်မောင်'တို့က စဉ့်ကူးမင်း အညာသီဟတောဘုရားသွားနေစဉ် အင်းဝထီးနန်းကို သိမ်းပိုက်ကြသည်။ ထိုသို့ နန်းလုနေစဉ် ဗဒုံစားမောင်ဝိုင်းသည် စစ်ကိုင်းမြို့သို့ ပြန်လာခဲ့ပြီး ညီတော်များနှင့်ပူးပေါင်းကာ စဉ့်ကူးမင်းနှင့် ဖောင်းကားစားမောင်မောင်တို့ကို တိုက်ခိုက်အောင်မြင်တော်မူကာ သီရိသုဓမ္မရာဇာဘွဲ့အမည်ဖြင့် ၁၁၄၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ရက်တွင် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူသည်။ ဘိုးတော်ဦးဝိုင်းသည် အင်းဝရွှေနန်းမှ အမရပူရသို့ ထီးသစ်နန်းသစ် စတင်တည်ထောင်တော်မူကာ ပြောင်ရွှေ့စိုးစံတော်မူသည်။ ထိုသို့ အထွတ်အထိပ်ရောက် အောင်မြင်ခဲ့သော ဘိုးတော်ဦးဝိုင်း(ခေါ်)ဗဒုံမင်းတရားကြီးသည် အလောင်းမင်းတရားကြီး၏ စတုတ္ထမြောက် သားတော်ဖြစ်သည်ကို မသိပါဘဲ တောင်သူကြီးဖိုးသာပြန့်၏ ကျွေးမွေးပြုစုစောင့်ရှောက်ကာ အားပေးစကားတိုက်တွန်းမှု ကျေးဇူးတရားများကြောင့် အထွတ်အထိပ်ရောက်ခဲ့ရခြင်းဖြစ်သည်။

ထိုကျေးဇူးတရားများကို သိတတ်သော ဗဒုံမင်း(ခေါ်)ဘိုးတော်ဦးဝိုင်းသည် အထွတ်အထိပ်ရောက်လာသောအခါ သူ နွမ်းပါးစဉ်က ကျေးဇူးပြုဖူးသော ကျေးဇူးရှင်များကို ခေါ်ယူကာ သူကောင်းပြုတော်မူသည်။ ဘိုးတော် ဗဒုံမင်းကြီးသည် သူ့အား ကျေးဇူးပြုဖူးသော ဝက်လက်နယ် မုဆိုးခြံရွာမှ လယ်သမားကြီး ဦးမော်၊ ဒေါ်တုတ်တို့ကိုလည်းကောင်း၊ ဓနိချိုပင်ရွာမှ ရွာသူ၊ ရွာသားများကိုလည်းကောင်း သူကောင်းပြုသည်။ ထူးခြားစွာ သူကောင်းပြုသည်မှာ တောင်သူကြီးဖိုးသာပြန့်ကို ဖြစ်သည်။ တောင်သူကြီးဖိုးသာပြန့်ကို ရွာသူကြီးခန့်အပ်သော်လည်း ငြင်းဆန်ကာ တောင်ယာမြေခိုးသူများကို တားဆီးပေးရန်နှင့် သူ၏ တောင်ယာချဲ့ထွင်ရန် ပုဆိန်တစ်လက်၊ ဓားတစ်ချောင်းကောင်းကောင်းသာ တောင်းခဲ့သော ဖိုးသာပြန့်အား ယာမြေအမြောက်အမြားနှင့် ဓနိချိုပင်ရွာမှထွက်သော 'ဓနိတော်သီး'များကို တစ်နှစ်တစ်ခါ အမရပူရနန်းသို့ ဆက်သရန် 'ဓနိတော်ဆက်'ရာထူးကိုလည်း ပေးသနားတော်မူ၍ ကျေးဇူးပြုတော်မူပါသည်။ ယခုအချိန်ထိ ထိုဓနိချိုပင်ရွာ၏ အရှေ့မြောက်ဘက်တွင် 'ဓနိချိုပင်များနှင့် ဓနိတော်ကွက်'တို့ ရှိနေပါသေးသည်။ ထိုဓနိချိုပင်ရွာတွင် ဘိုးတော် ဗဒုံမင်းကြီးနှင့် တောင်သူကြီးဖိုးသာပြန့်တို့၏ ကျေးဇူးသိတတ်ပုံအကြောင်း ပုံပြင်ကောင်းသဖွယ် သားစဉ်မြေးဆက်ပြောလျက် မကုန်နိုင်ကြတော့ပေ။

အချုပ်အားဖြင့်ဆိုရလျှင် ဘိုးတော်ဗဒုံမင်းကြီး ကျေးဇူးသိတတ်ပုံကိုအတုယူလျက် နောင်လာနောက်သားလူငယ်များသည် ကျေးဇူးရှိသူကို ကျေးဇူးရှိကြောင်း အသိအမှတ်ပြု ထုတ်ဖော်ပြောကြားနိုင်ကြပါစေ။ သူတစ်ပါး၏ ကျေးဇူးတရားကို အလေးထား၍ ပြန်လည်ပေးဆပ်နိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။

မြန်မာမှု အေးပေါ်

# လူငယ်များနှင့် ဂိမ်းကစားခြင်း

စာရေးသူသိသလောက်ပြောရရင် ဂိမ်းနှင့်ပတ်သက်ပြီး အမျိုးအစားပေါင်းများစွာရှိပါတယ်။ ဂိမ်းအလွန်အကျွံကစားတဲ့ လူငယ်တွေဟာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးတွေဖြစ်စေပါတယ်။ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများမှာ မျက်လုံးခြောက်သွေ့ခြင်း၊ မျက်လုံးညောင်းညာခြင်း၊ မျက်လုံးအမြင်ဝါးခြင်း၊ အလင်းရောင်များသော Screen ကို အချိန်ကြာမြင့်စွာကြည့်ခြင်း၊ ကိုယ်ဟန်အနေအထားမမှန်ခြင်း၊ အရိုးအဆစ်နာကျင်ခြင်း၊ လည်ပင်း၊ ပခုံး၊ ခါးနှင့် လက်ကောက်ဝတ်တို့ နာကျင်ကိုက်ခဲခြင်း၊ ခန္ဓာကိုယ်အလေးချိန်တိုးခြင်း၊ အဝလွန်ခြင်း၊ သွေးကြောပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများမှာ စိတ်ဓာတ်ကျဆင်းခြင်း၊ စိတ်မူမမှန်ခြင်း၊ စိုးရိမ်ပူပန်ခြင်းတွေ ဖြစ်ပေါ်နိုင်ပါတယ်။ နောက်ဆုံးမှာ မအိပ်ချင်အောင် မူးယစ်ဆေးများသုံးစွဲလာခြင်း၊ ပြန်လည်လန်းဆန်းလာသော ဆေးဝါးများ သုံးလာသည့်အတွက် လူမှုဆက်ဆံရေးပြဿနာများဖြစ်လာနိုင်ပါတယ်။ တစ်လောက ရန်ကုန်မှာလူငယ်လေးတစ်ယောက်ဟာ အိမ်ကနေ ထွက်သွားသည်မှာ ရက်(၂၀)လောက်ရှိတယ်၊ ဘာလုပ်တာလဲဆိုရင် ဂိမ်းကစားတာပါ။ မိဘတွေခမျာ စိတ်ပူရှာတော့ ပြန်မလာပြန်မလာနဲ့ အဆက်အသွယ်လုပ်ပြန်တော့ ဖုန်းစက်ပိတ်ထားသည်။ သူတို့သားလေး ဘယ်နေရာရောက်နေမှန်း မသိရှာ။ နောက်မှသိရတော့ ဒီလူငယ်လေးက ဂိမ်းကစားနေတာပါ။ ကဲ လူငယ်လေးတွေ ဂိမ်းကိုစွဲသွားရင် ဒါလည်း ဘိန်းတစ်မျိုးမို့ ကြောက်ဖို့အလွန်ကောင်းပါတယ်။ မိတ်ဆွေတစ်ဦးပြောပြတဲ့ စဉ့်ကိုင်မြို့က လူငယ်လေးတစ်ယောက် ဂိမ်းကိုအလွန်အကျွံစွဲသွားတော့ ပိုင်ဆိုင်တဲ့ မြေကိုပေါင်နှံပြီး အဆုံးမှာ အပေါင်ဆုံးသွားရှာပါတော့တယ်။ ကံရွာမှာလည်း လူငယ်လေးတစ်ယောက် ဂိမ်းကိုစွဲစွဲလမ်းလမ်း ကစားလိုက်တာ အိမ်မှာရှိတဲ့ ဆိုင်ကယ်ပါရောင်းပစ်လိုက်ရပါတယ်။ ဒီလိုသာ ဂိမ်းအလွန်အကျွံကစားလို့ ဆုံးရှုံးရတာတွေရေးနေရင် စာရေးသူအတွက် ရေးလို့မဆုံးနိုင်တော့ပါ။

လူငယ်များဟာ နိုင်ငံတစ်နိုင်ငံ၏ လက်ရုံးများဖြစ်ပါတယ်။ လက်ရုံး၏စွမ်းအင်ဖြင့် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ပေသည်။ နိုင်ငံ၏ ခိုင်မာတောင့်တင်းသော အင်အားတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံ၏ ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ထမ်းရွက်ရပါမည်။ လူငယ်လေးများသည် နိုင်ငံ၏အားတစ်ခုဖြစ်ပါတယ်။ လူငယ်များသည် ထိုးထွင်းဉာဏ် ရှင်သန်ခြင်း၊ တီထွင်ဆန်းသစ်လိုစိတ်ရှိခြင်း၊ စူးစမ်းဆင်ခြင်လိုခြင်း၊ စဉ်းစားဝေဖန်တတ်ခြင်း၊ သတ္တိ၊ ဇွဲတွေနှင့်ပြည့်စုံခြင်း၊ မှန်သည်ထင်လျှင် မဆုတ်မနစ်လုပ်ကိုင်ခြင်းတို့ဖြင့် နိုင်ငံ၏ကောင်းကျိုးကို ရှေ့တန်းကပါဝင်ကြသူများဖြစ်ပါတယ်။

ဗလငါးတန်နှင့် ဘက်စုံထူးချွန်ထက်မြက်သည့် လူငယ်များသည် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော အင်အားစုများဖြစ်ပါတယ်။ လေကြောင်းမျိုးဆက်သင်တန်း၊ ရေကြောင်းမျိုးဆက်သင်တန်းနှင့် စီမံခန့်ခွဲရေးသင်တန်းများတွင် အသင်းသားလူငယ်များသည် နိုင်ငံ့ကာကွယ်ရေးတာဝန်ကို ပခုံးပြောင်းယူနိုင်ရန် ကြိုးစားလျက်ရှိပါတယ်။ လူငယ်များသည် အစွမ်းသတ္တိရှိကြပြီး အမိနိုင်ငံအတွက် ဓားသွေးသူက သွေး၊ အားမွေးသူက မွေးလျက်ရှိပါသည်။ ကချင်ပြည်နယ်မှ ကြက်ခြေနီအသင်းဝင် လူငယ် စိုးအောင်လှိုင်မြင့်သည် ရေနစ်သူတစ်ဦးကို အသက်စွန့် ကယ်တင်ခဲ့ခြင်းကြောင့် ကမ္ဘာ့ကြက်ခြေနီအမြင့်ဆုံး ဟင်နရီဒူးနန့်ဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံး စာတတ်မြောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လူငယ်အင်အားစုကြီးမှ ကျေးလက်ဒေသများသို့သွားရောက်၍ 'အ'သုံးလုံးသင်တန်းများ ပို့ချခဲ့သဖြင့် နိုင်ငံတွင် စာမတတ်သူများပပျောက်ကာ စာတတ်မြောက်ရေးကြိုးပမ်းမှုအဖြစ် ကမ္ဘာ့ဆုကြီးများ ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ယနေ့မျက်မှောက်ခေတ်တွင် လူငယ်များသည် နိုင်ငံတော်အတွက် ပန်းကောင်းတစ်ပွင့်၊ ကျောက်ကောင်းတစ်စေ့၊ သားကောင်းရတနာအဖြစ် သတ်မှတ်ခံရအောင် မိမိကိုယ်ကိုမိမိ မွမ်းမံ၊ အရောင်တင်ကြပါလို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

သန်းနိုင်စိုး(မန္တလေး)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ရပ်ကွက်၊ အကွက်အမှတ်(၅၀၂/ရေထွက်)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၁ ဒသမ ၂၉)ဧက အကျယ်အဝန်းရှိ ဦးရဲဝင်း အမည်ဖြင့် ပုံစံ(၇)ချထားရရှိသော လယ်မြေကွက်၏ တောင်ဘက်ခြမ်း၊ ဧရိယာ (၁၁၀ပေ×အနောက်အရှိအတိုင်း)အကျယ်အဝန်းရှိ လယ်မြေကွက် အစိတ်အပိုင်းမြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိအမည်ဖြင့် ပုံစံ(၇)ချထားရရှိပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေဝင်း(ခ)ဦးရဲဝင်း(အဘ)ဦးကျားအန်း(ခ)ဦးခင်အောင်(၉/မရမ(နိုင်)၀၇၈၄၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၃၅(အေ)လမ်း၊၆၉လမ်းနှင့်၇၀(အေ)လမ်းကြား၊မဟာမြိုင်(၁)ရပ်ကွက်၊မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့။ ဖုန်း ၀၉–၇၇၇၇၈၈၈၆၆၊၀၉–၆၆၉၉၉၃၇၈၆၊၀၉–၂၀၃၈၇၈၆၊၀၉–၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ Social Businessစီမံကိန်းအတွင်းမှ အေးမြမန္တလာအိမ်ရာ၊ အမှတ်(B-16)၊ ဧရိယာ ပေ(၄၀×၆၀)၊ (၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော အုတ်တံတိုင်း၊ လျှပ်စစ်မီး မီတာ ပိုင်ဆိုင်ခွင့် အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်ဝင်းရှိန်(ဘ)ဦးလီဇီဆန်း(၁၃/လရန(နိုင်)၁၀၆၄၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူစာရွှေ (LL.B, D.B.L)** — **ဒေါ်အိမ့်ရတီမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေများ**
**၂၇လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**Email-tzshwe41@gmail.com ၊ ဖုန်း ၀၉–၄၀၂၆၆၃၃၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၈)၊ ဦးပိုင်နံပါတ်(၉) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဇော်ဝင်း(ဘ)ဦးမှင်(၉/မနတ(နိုင်)၀၂၃၁၃၂)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက် ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်နုနုဝင်း(ဘ)ဦးထွန်းဝေ(၉/ခမစ(နိုင်)၀၃၈၃၈၃)(၎င်း၏ကိုယ်စား အစ်ကိုဝမ်းကွဲဖြစ်သူ ဦးရွှေမင်းထွန်း(ဘ)ဦးငွေဆောင်(၅/ဝလန(နိုင်)၁၁၂၃၇၁)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ–၄)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၇)၊ ဦးပိုင်နံပါတ်(၁၃၂/ W$\frac{1}{2}$)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျောက်လုံး(၉/မရတ(နိုင်)၀၃၉၆၈၀)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။အထက်ပါမြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးရန်ရှိလှ(ဘ)ဦးယန်ရှိရှင်း(၁၃/လရန(နိုင်)၀၅၂၉၉၄)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ–၄)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## ‘ဦးရိုးဝင်းဒါရတ်(ခ)ဦးထွန်းထွန်း(၁၂/အစန(နိုင်)၁၅၁၄၀၄)၏ (၂၈-၄-၂၀၂၆)ရက်စွဲပါ မန္တလေးသတင်းစာ၊ စာမျက်နှာ-၂၂တွင် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုခြင်းကို ကန့်ကွက်၊ ငြင်းပယ် အကြောင်းပြန်ကြားခြင်း’

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၅၈)လမ်း၊ (၃၄လမ်းနှင့် ၃၅လမ်း)ကြားနေ ဦးစိုးသက်အောင်(၉/မတရ(နိုင်)၁၂၁၁၉၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းပြန်ကြားပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ပပ-၄၁)၊ ဦးပိုင်အမှတ်(၁+၂)၊ ဧရိယာ (၂ ဒသမ ၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးအောင်ကြည်နှင့် ဒေါ်ရွှေရင်တို့က ကျွန်ုပ်အမှုသည်ထံ (၁၂-၉-၂၀၂၂)နေ့ကတည်းက အပြီးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ ရောင်းချခဲ့စဉ်က (၁) ဒေါ်ရွှေရင်(ပါ-၂)ဦး အမည်ဖြင့် မြေကွက်ဖိုး ငွေရပြေစာ(မူရင်း)၊ (၂) မန္တလေးမြို့တိုးချဲ့ မြို့ကွက်သစ်ဖော်ထုတ်ရေး၊ ကြီးကြပ်ရေးကော်မတီ၏ ငွေရပြေစာ(မူရင်း)၊ (၃) မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့၊ မန္တလေးမြို့၏ စက်မှု/ဖွံ့ဖြိုးရေး မြေကွက်ချထားပေးခြင်း အကြောင်းကြားစာ(မူရင်း)၊ (၄) တည်ဆောက်ရေးလုပ်ငန်းများနှင့် ဘာသာ၊ သာသနာလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေလှူဒါန်းရန် အကြောင်းကြားစာ(မူရင်း)၊ (၅) ဦးအောင်ကြည်နှင့် ဒေါ်ရွှေရင် (၂)ဦး အမည်ပေါက် မြေယာပုံစံ ၁၀၅(မူရင်း)၊ (၆) ဦးအောင်ကြည်နှင့် ဒေါ်ရွှေရင်တို့က မန္တလေးမြို့စာချုပ်စာတမ်းရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၇၇၃/၂၀၂၂)ဖြင့် ဦးစိုးသက်အောင်သို့ လွှဲအပ်ပေးသည့် အထူးကိုယ်စားလှယ်လွှဲစာ(မူရင်း)နှင့် (၇)ဂရန်အမှုတွဲအမှတ်(၁၇၂၆/၂၀၀၉-၂၀၁၀)၊ ဂရန်စာချုပ်နံပါတ်(၁၁၈၈/၂၀၀၉-၂၀၁၀) ဂရန်(မူရင်း)တို့ကို ကျွန်ုပ်အမှုသည် ဦးစိုးသက်အောင်သို့ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

အထက်ပါစာရွက်စာတမ်းများကို ကျွန်ုပ်အမှုသည်၏ လက်ဝယ်သိမ်းဆည်းထားစဉ် ဂရန်စာချုပ်(မူရင်း)မှာ ပျောက်ဆုံးခဲ့ပါသည်။ ထို့ကြောင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဂရန်(မိတ္တူ) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ဦးထက်အောင်ငြိမ်းဆိုသူမှ ဦးအောင်ကြည်(ပါ-၂)ဦး အမည်ဖြင့် ထုတ်ပေးထားသော ဂရန်စာချုပ်နှင့် အရပ်ကတိစာချုပ်တို့ကို တင်ပြပြီး ကျွန်ုပ်အမှုသည်၏ လျှောက်ထားမှုကို ကန့်ကွက်ခဲ့ပါသည်။ ထို့ကြောင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ပိုင်ဆိုင်မှု အငြင်းပွားမှုနှင့်ပတ်သက်၍ ညှိနှိုင်းဖြေရှင်းခြင်း (သို့မဟုတ်) တရားဥပဒေကြောင်းရ ဖြေရှင်းခြင်းဖြင့် ဆောင်ရွက်သွားရန် ကျွန်ုပ်အမှုသည်ထံ အသိပေးအကြောင်းကြားသဖြင့် ရာဇဝတ်ကြောင်းအရ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ဤအခြေအနေတွင် လူကြီးမင်း၏ လက်ဝယ်တွင် အငြင်းပွားမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများလည်း မရှိ၊ ဂရန်(မူရင်း)လည်း မရှိ၊ အချင်းဖြစ်မြေကွက်ကို မည်သည့်နေ့ရက်တွင် မည်သူ့ထံမှ ဝယ်ယူထားကြောင်းကိုလည်း ခိုင်ခိုင်မာမာ တင်ပြထားခြင်းမရှိဘဲ ကျွန်ုပ်အမှုသည်ထံ လက်ဖွဲ့နှိပ် လက်မှတ်ရေးထိုးပြီး တရားဝင်ရောင်းချထားသူ ဦးအောင်ကြည်နှင့် ဒေါ်ရွှေရင်တို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် သတင်းစာမှ ထည့်သွင်းတောင်းဆို အကြောင်းကြားခြင်းသည် ဦးအောင်ကြည်နှင့် ဒေါ်ရွှေရင်တို့၏ လူမှုအသိုင်းအဝန်းတွင် ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်၊ နစ်နာစေပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်း၏ အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန် အကြောင်းမရှိပါ။ မှန်ကန်မှုမရှိသော စာရွက်စာတမ်းများဖြင့် တရားစွဲဆိုမည်ဆိုပါက ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခြင်း ခံရနိုင်ပါသည်။ ထို့ကြောင့် လူကြီးမင်း တောင်းဆိုသော အကြောင်းကြားစာပါ တောင်းဆိုချက်များကို ကန့်ကွက်၊ ငြင်းပယ်ကြောင်း အကြောင်းပြန်ကြားလိုက်ပါသည်။

**(လွှဲအပ်ညွှန်ကြားသူ)**
**ဦးစိုးသက်အောင်**

**ဦးကျော်ရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၅၆၄၇/၉၁)**
**အမှတ်(၈၈)၊ (၈၈–၂)၊ (၅၈–A)လမ်း၊**
**(၁၀၇–A)လမ်းနှင့် (၁၀၈)လမ်းကြား၊ ကံသာယာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၅၀၂၉၂၊ ၀၉–၇၈၂၀၅၀၂၉၂**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ဦးပိုင်အမှတ်(၁၆-က)၊၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ လမ်း၅၀နှင့် ၅၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်ရွှေ(၉/ပသက(နိုင်)၀၂၉၈၈၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်နံပါတ်(စ/၅၅၃-က)၊ မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်နက်(၉/ပသက(နိုင်)၀၄၃၂၄၀)အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်မြတ်မြတ်အေး(၉/ပသက(နိုင်)၀၃၇၃၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမိုးဝင်း** — **ဦးဇော်ဇော်အောင်**
**(အထက်တန်းရှေ့နေ)** — **(အထက်တန်းရှေ့နေ)**
**(၅၂–ဘီ)လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၉၈၁၀၅၀၁၁၅၊ ၀၉–၇၇၅၅၁၁၀၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာစီမံကိန်း၊ (၄)ခန်းတွဲ(၆)ထပ်မှ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၂၁)၊ ပဥ္စမထပ်၊ ဦးစန်းလွင် အမည်ပေါက် တိုက်ခန်းနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းအမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်နှင်းနုနွယ်(ဘ)ဦးသိန်းမောင်(၁၃/ကမန(နိုင်)၀၃၂၉၀၈)ထံမှ ကျွန်ုပ်ကဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နိုင်ရတနာစု (LL.B(Q),D.B.L ,D.I.L,D.P.S) (တရားလွှတ်တော်ရှေ့နေ)**

**အိမ်အမှတ်(A-6)၊ "ရတနာမန္တလေး"အိမ်ရာ၊ ၆၅လမ်း၊**

**၃၁လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၃၉၂၁၄၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(က/၃၁၇)၊ အကျယ်(၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးတင်မောင်အေး အမည်ပေါက် ဂရန်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ နှစ်ထပ်နံကပ်အဆောက်အဦး၊ ရေတိုင်၊ လျှပ်စစ်မီတာပါဝင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိအမည်ပေါက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးတင်မောင်အေး(ဘ)ဦးတိုးမောင်(၉/မတရ(နိုင်)၀၀၄၇၈၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစိတ်တဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သူ(LL.B,D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မြေတိုးချဲ့(၄)၊ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးအေးဇော်ဝမ်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိအမည်ပေါက်နေထိုင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအေးဇော်ဝမ်း(ဘ)ဦးမောင်ဝမ်း(၁၁/ဂမန(နိုင်)၀၀၀၄၈၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သူ(LL.B,D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၅-၂၀၂၆)ရက်စွဲပါ စာမျက်နှာ (၂၃)ရှိ ဦးသန်းရွှေ အမည်ဖြင့် အများသိစေရန်ကြေညာစာတွင်ပါရှိသော **ချမ်းမြသာစည်မြို့နယ်** အား **ချမ်းအေးသာစံမြို့နယ်** ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၄ခန်းတွဲ(၆)ထပ် အကွက်အမှတ်(မမ-၂၆)၊ တိုက်အမှတ်(၁၁)၊ အခန်း(၁၀) အမည်ပေါက် ဦးမာမက်အလီ(၉/အမရ(နိုင်)၀၄၃၀၈၀)၏ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်ဖြင့် ကျွန်မ ဒေါ်ဝါဝါနိုင်(ဘ)ဦးကျော်ဝင်း(၅/ဘတလ(နိုင်)၀၇၇၀၄၁)မှ ဝယ်ယူ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တိုက်ခန်းအမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အောက်ပါလိပ်စာသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဝါဝါနိုင်**

**တိုက်အမှတ်(၁၁)၊ အခန်း(၁၀)၊ မြရည်နန္ဒာတိုက်ခန်း**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၃၄၈(ခ))ဟု ခေါ်တွင်သော ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းမှာ ဒေါ်မြသန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့် မြေ၊ (ရေ+မီး)အစုံအား မြေနေရာချထားပေးခြင်းခံရသူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရယူခဲ့ပြီး မိမိမှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း၊ မိမိလက်ရှိဖြစ်ကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှလှထွန်း(ဘ)ဦးသာထွန်း(၇/ရတရ(နိုင်)၀၇၁၁၇၁)မှ ရောင်းချရန် ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကျော်ဖြိုး(ဇနီး)ဒေါ်ဇင်မာအောင်တို့မှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ သတင်းစာတွင်ပါသည့်ရက်မှ (၇)ရက်အတွင်း လုံလောက်သော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**

**ဦးအောင်ကျော်ဖြိုး(ဘ)ဦးကျော်လွင်**

**(၅/အရတ(နိုင်)၀၅၄၁၅၉)**

**ဒေါ်ဇင်မာအောင်(ဘ)ဦးသိန်းမြင့်**

**(၈/စလန(နိုင်)၁၅၉၃၇၀)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာလာဝင်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၅၀)**

**၁၂၁လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ တမ္ပဝတီရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၉၄၂၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်နံပါတ်(၅၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးတင်လေး အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မျိုးဝတ်ရည်(ဘ)ဦးမျိုးမြင့်(၉/မဟမ(နိုင်)၀၁၁၃၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အိအိမွန်(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အေးနန္ဒာထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်မာလာစိုး(LL.B)** အထက်တန်းရှေ့နေ

**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၄)၊ ဦးပိုင်အမှတ်(၂၀-က)၊ မြေဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ ဦးရဲမြင့် အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး (၂)ထပ် အဆောက်အဦး၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးခိုင်ဇော်ဦး(၉/ညဥန(နိုင်)၁၆၁၆၈၅)မှ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်စန္ဒာထွေး (LL.B , D.B.L , D.I.L)**

**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း ၀၉-၄၄၄၀၁၆၇၈၄**

**ဦးသန်းထိုက်အောင်(LL.B)**

**အထက်တန်းရှေ့နေ**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂၅)၊ ဦးပိုင်အမှတ်(၄၃)၊ မြေကွက်ပေါ်တွင် ဦးကျင်အင်ထီ(ခ)တင်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကန(ဧည့်)၀၀၀၅၉၇)က SS (၆)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၈၆)၊ ဦးပိုင်အမှတ်(၂၃)၊ မြေကွက်ပေါ်တွင် ဦးအုန်ပါရိကာစ်(ခ)မောင်မောင်လေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မမန(ဧည့်)၀၀၀၃၉၇)က RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆၈၁)၊ ဦးပိုင်အမှတ်(၃၄)၊ မြေကွက်ပေါ်တွင် ဒေါ်သန်းမေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(နိုင်)၀၁၅၁၂၁)က RC (၄)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(B-၂၄)၊ ဦးပိုင်အမှတ်(၁၆+၂၁)၊ မြေကွက်ပေါ်တွင် ဒေါ်ရွှေရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၇၄၃၂)က SS (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ အမှုတွဲများ၊ ဝင်စာများ အလွယ်တကူရှာဖွေနိုင်ရန်အတွက် (Case Tracking System) လုပ်ငန်း အပ်နှံနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် - (၇-၅-၂၀၂၆)
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - (၁၃-၅-၂၀၂၆)
(ဂ) လျှောက်လွှာရောင်းချမည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ (၆)ထပ်ဆောင်၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
(ဃ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက် - (၁၈-၅-၂၀၂၆)
(င) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ (ဂ)ထပ်ဆောင် အစည်းအဝေးခန်းမ
(စ) တင်ဒါပုံစံဈေးနှုန်း - ၁၀,၀၀၀ ကျပ်

၂။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်သိရှိလိုပါက မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ဖုန်းနံပါတ် ၀၉-၂၅၉၂၂၁၆၃၂၊ ၀၉-၆၆၉၇၀၀၁၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၄၄)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဇော်ဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးဇော်ဦး(ဘ)ဦးသန်းဆောင်(၉/ပသက(နိုင်)၀၁၄၈၈၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ဃ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ Social Business စီမံကိန်းအတွင်းမှ အေးမြမန္တလာ အိမ်ရာ၊ အမှတ်(B-15)၊ ဧရိယာ ပေ(၄၀×၆၀)၊ (၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော အုတ်တံတိုင်း၊ လျှပ်စစ်မီးမီတာ ပိုင်ဆိုင်ခွင့် အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်ဝင်းရှိန်(ဘ)ဦးလီဇီဆန်း(၁၃/လရန(နိုင်)၁၀၆၄၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူစာရွှေ (LL.B, D.B.L)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိမ့်ရတီမိုး (LL.B)** — **အထက်တန်းရှေ့နေ**
**၂၇လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**Email - tzshwe41@gmail.com ၊ ဖုန်း ၀၉-၄၀၂၆၆၃၃၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၁)၊ ဦးပိုင်နံပါတ်(၃၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဝင်း(ဘ)ဦးကံအေး(၉/မရတ(နိုင်)၀၉၆၇၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B)** — **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ ဒေါ်နွယ်နွယ်ဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ (ဇနီး)ဒေါ်ခမ်းလှ ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ခင်ပွန်း)ဦးမောင်ဝင်း(ဘ)ဦးအောင်ကြွယ်(၅/အတန(နိုင်)၀၆၃၁၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၂)၊ ဦးပိုင်နံပါတ်(၇၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်မေရီဝင်း အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်သိန်း(ဘ)ဦးအောင်ကျော်(၅/တဆန(နိုင်)၀၂၁၀၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်နံပါတ်(၁၀၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးကျော်မြင့် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်ခဲ့သူ (ခင်ပွန်း)ဦးကျော်မြင့် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်ညိုညိုထွန်း(ဘ)ဦးထွန်း(၉/မရတ(နိုင်)၀၉၂၄၃၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁)၊ ဦးပိုင်အမှတ်(၇-ခဲစင်းတောင်ခြမ်း)၊ ၅၉လမ်းနှင့် မြို့ပတ်မီးရထားသံလမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိုက်ထွန်းဦး(၉/မရမ(နိုင်)၀၄၆၄၈၉)၊ (ဇနီး)ဒေါ်သီသီ(၉/မနမ(နိုင်)၀၅၉၆၆၁)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၃၇/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစည်သူအောင်(၁၃/မဆတ(နိုင်)၀၄၆၅၇၁)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## မကြွယ်စင်လင်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာတွင် နေထိုင်သော ဦးနေလင်းအောင်+ဒေါ်သက်ချိုဦးတို့၏ သမီးကြီးဖြစ်သူ မကြွယ်စင်လင်းသည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိ၊ အုပ်ထိန်းမှုအောက်တွင်လည်း နေထိုင်ခြင်းမရှိဘဲ မိဘတို့အား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မိဘ၊ မောင်နှမသားချင်းတို့နှင့်လည်း သက်ဆိုင်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးနေလင်းအောင်+ဒေါ်သက်ချိုဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မြင့်(ခ)ဦးဖိုးကျော် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၇၁)**
**ဒေါ်နုနုလွင် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၄၂၆၇)**
**၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၃၁လမ်း၊ တိုက်ခန်းအမှတ်(B-5)၊ ရတနာတိုင်းပြည်အိမ်ယာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၃၂၅၇၆**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးညိုစော နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁ (MICC – I) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္လျင်၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့သည် တိုင်းရင်းသားမိဘပြည်သူများ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်အသွယ်သွယ်မှ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ်အစဉ်အလာ ကြီးမားစွာဖြင့် ရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ နေ့ထူးနေ့မြတ် အခါသမယဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်တိုင်းတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကာကွယ်ရေးသာမက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ သက်စွန့်ကြိုးပမ်း အစွမ်းကုန်အားထုတ်ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

မီးသတ်တပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက် တာဝန်ကြီး(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး မီးသတ်လုပ်ငန်းတာဝန်ဆိုသည်မှာ အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ချက်ချင်းတုံ့ပြန်ဖြေရှင်းဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ ယနေ့ခေတ် မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေးလုပ်ငန်း တစ်ခုတည်းသာမက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အပြင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းနှင့် အရေးပေါ် ဆေးအကာအကွယ်ပေးခြင်းလုပ်ငန်းစသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မီးသတ်တပ်ဖွဲ့က ဆောင်ရွက်ရသည့်လုပ်ငန်းများသည် မိမိတို့ကိုယ်တိုင်လုပ်ကိုင် ဆောင်ရွက်နေရုံမျှနှင့် ပြီးပြည့်စုံသည်မရှိဘဲ ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာ ပိုမိုခိုင်မာ အားကောင်းနိုင်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့်ပတ်သက်ပြီး သဘာဝဘေးကျရောက်သည့်ဒေသများတွင်နိုင်ငံတော် အစိုးရ၏ စီမံခန့်ခွဲမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြားသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အတူ တွေ့ကြုံခဲ့ရသည့် ဘေးအန္တရာယ်တိုင်းတွင် ထိရောက်လျင်မြန်စွာ အကောင်းဆုံးပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မန္တလေးငလျင်ဖြစ်စဉ်အပေါ် သင်ခန်းစာဖော်ထုတ်ပြီး နိုင်ငံတကာနည်းတူ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Urban Search Rescue) Medium Team အဆင့် အဖွဲ့ (၂)ဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ရေး နိုင်ငံတော်ကခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲများ၌ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းအပေါ်၌လည်း များစွာ ကျေနပ်အားရမိပါကြောင်းနှင့် ထိုကဲ့သို့ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် အလေးအနက်ထား တိုက်တွန်း မှာကြားလိုကြောင်း။

အနာဂတ်မီးသတ်တပ်ဖွဲ့သည် ပိုမိုခိုင်မာ အားကောင်းသည့် ဖွဲ့စည်းပုံ၊ ပိုမိုမြင့်မားသည့် စွမ်းဆောင်ရည်များနှင့် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးသည် စည်းကမ်းတကျနှင့် လေ့ကျင့်မှုမပျက်စေဘဲ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေးတိုးတက်စေရန် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်သိစိတ်မြင့်မားစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အသက်နှင့် ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင်ဆောင်ရွက်ရခြင်းကြောင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်နိုင်သည့် ပြည်သူအားကိုးရသော တပ်ဖွဲ့ကြီးအဖြစ် နောင်နှစ်ပေါင်းများစွာ အဓွန့်ရှည်ကြာအောင် ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက "မီးသတ်ပြို" ဂန္တဝင်တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းများတွင် အသက် ၉၀ နှင့်အထက် သန္လျင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းဟောင်းများဖြစ်ကြသည့် မီးသတ်တပ်ကြပ်ကြီး ဦးထွန်းကြည်နှင့် ဦးသောင်းမြင့်၊ အရန်ဒုတိယတပ်ရင်းမှူး(ငြိမ်း) ဦးချစ်လှိုင်နှင့် ဒုတိယမီးသတ်ဦးစီးမှူး(ငြိမ်း) ဦးတင်ညွှန့်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောထံသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေက နှစ် (၈၀) ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂါရဝပြုအမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းရည်သတ္တိဆိုင်ရာ ရဲဗလတံဆိပ်ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းသမိုင်းဝင် မီးသတ်ပစ္စည်းများကိရိယာပြခန်းများ၊ အဆင့်မြင့်အရေးပေါ်တုံ့ပြန်မှု ဆက်သွယ်ရေးစနစ်များ၊ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာ ပြခန်းများနှင့် ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် မီးသတ်ယာဉ်များ၊ စက်များနှင့် ရှာဖွေရေးခွေး (Search Dog) သရုပ်ပြမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

သတင်းစဉ်

## MFF Summer Football Skills Course မှ ထူးချွန်လူငယ် ခြောက်ဦး AIA-Spurs Football Camp ထိုင်းနိုင်ငံခရီးစဉ်အတွက် ရွေးချယ်ခံရ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူးကျင်းပပြီး AYA Bank က အဓိကပံ့ပိုးကူညီထားသည့် "MFF Summer Football Skills Course 2026 (ရန်ကုန် Batch 1)" မှ လူငယ်ကစားသမား ခြောက်ဦးသည် AIA Myanmar မှ ပြုလုပ်သည့် Score With Spurs (AIA Coaching Clinic 2026) အစီအစဉ်တွင် ရွေးချယ်ခြင်းခံရပြီး ထိုင်းနိုင်ငံတွင် ပြုလုပ်မည့် AIA-Spurs Football Camp တွင် ၆ ရက်တာ လေ့ကျင့်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ လူငယ်ကစားသမား ခြောက်ဦးသည် Score With Spurs (AIA Coaching Clinic 2026) အတွက် ပြုလုပ်ခဲ့သော ပဏာမလူတွေ့စစ်ဆေးပွဲတွင် အောင်မြင်ခဲ့သည့် လူငယ်ကစားသမား ခုနစ်ဦးစာရင်းတွင် ပါဝင်ခဲ့ပြီး ၎င်းတို့ ခြောက်ဦးမှာ AIA Myanmar က စီစဉ်ပို့ဆောင်ပေးမည့် AIA-Spurs Football Camp ၆ ရက်တာ လေ့ကျင့်ရေးအစီအစဉ်အတွက် ထပ်မံရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ရွေးချယ်ခံရသော လူငယ်ဘောလုံးကစားသမား ခြောက်ဦးမှာ ခန့်ညီညီလင်း၊ ဇေရဲပိုင်၊ ပြည့်ဖြိုးဇော်၊ ဖုန်းပြည့်လျှံ၊ မြူနှင်းချို၊ ယွန်းယွန်း တို့ဖြစ်ပြီး ရွေးချယ်ခံရသည့် အဆိုပါ လူငယ်ကစားသမားများသည် AIA-Spurs Football Camp တွင် Tottenham Hotspur အသင်း၏ International Development Coach များထံမှ နိုင်ငံတကာအဆင့် ဘောလုံးနည်းစနစ်များကို တိုက်ရိုက်သင်ကြားလေ့ကျင့်ခွင့်ရရှိမည်ဖြစ်ပြီး၊ နိုင်ငံတကာအတွေ့အကြုံများရရှိကာ မိမိတို့၏ စွမ်းရည်များကို နောက်တစ်ဆင့်သို့ တိုးတက်စေရန် အရေးပါသော အခွင့်အလမ်းတစ်ခု ဖြစ်သည်။

(NGB)